# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္လာနေ့ အတွဲ (၆၄)၊ အမှတ်(၂၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


**ကဆုန်လ စာအလင်္ကာများ** — ဆောင်းပါး — စာ ၁၀

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေဖြင့် လူနာများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်** — တွေ့ဆုံမေးမြန်း — စာ ၁၃

**ကျောင်းနေပျော်၍ ပညာလည်းတော် လူတော်လူကောင်း ဖြစ်ရမည်** — ဆောင်းပါး — စာ ၁၆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

◆ **ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**

◆ **ဒေသတစ်ခု၊ နိုင်ငံ့တစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**

❑ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက်တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**ပြည်ထောင်စုစနစ်ပညာရေးကို သင်ကြားရမည်**

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံ့တစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့် စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ဆက်လက်ဆောင်ရွက်**

ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကို အခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်းအသားငါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍လည်း နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးတင်ပြရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများအား တွေ့ဆုံခွင့်ရသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှဥက္ကဋ္ဌဟောင်းကြီး ကွယ်လွန်ဆုံးပါးခဲ့ချိန်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထိခိုက်ဆုံးရှုံးခဲ့ရမှုများအတွက်လည်း မိမိတို့အနေဖြင့် ထပ်တူဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် အထူးဒေသ(၄)အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ **အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)၏ သဘောထားခံယူချက်အနေဖြင့် နှစ် ၃၀ ကျော်ကျင့်သုံးလာခဲ့သည့်အတိုင်း နိုင်ငံတော်မှချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးစသည့် တို့တာဝန်အရေးသုံးပါးအတွက် အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊** ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန် ချောမွေ့စေရေးအတွက်လည်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ဒေသအတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှလက်ခံထားခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် **ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးလုပ်ငန်းရပ်များအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြား ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

**အပြန်အလှန် ဆွေးနွေး**

ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ NDAA (မိုင်းလား)အဖွဲ့မှ ဒေသထွက် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

**အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်**

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် တက်ရောက်လာကြသူများက အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီအဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ – လွိုင်မွေလမ်း လမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျတွက်ချက်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ – လွိုင်မွေလမ်း လမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းသို့ ရောက်ရှိကြသည်။ ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လွိုင်မွေဒေသသို့ ရောက်ရှိစဉ် ခရီးစဉ်လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်စီမံကိန်းလုပ်ငန်းလျာထားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံ – လွိုင်မွေလမ်းအဆင့်မြှင့်တင်ရာ၌ လမ်းကြောင်း ရေရှည်တည်တံ့ ကောင်းမွန်မှုရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ကုန်းမြင့်လယ်ယာစနစ်ဖော်ဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန်သို့ရောက်ရှိကြပြီး လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဝေရေလဲ ဧရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက် သွားရန်လိုကြောင်း၊ တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**၁၀၇ နှစ် သက်တမ်းရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**❖ ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်သွားရန်လို၊ ရေဝေရေလဲ ဧရိယာများ အတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လို၊ တောင်ယာ ခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေ နိုင်သည့်အတွက် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ဆောင်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လထံ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ဒေါက်တာ သန္တာဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ ဆေးရုံအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လွိုင်မွေမြို့ သမိုင်းနှင့် အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် စံအိမ်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန် လိုကြောင်း၊ လိုအပ်သည့် အိမ်အသုံးအဆောင် ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်း ပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများတွင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ် (၁) ဂိတ်အဝင် ကြိုးတံတားနှင့် မုခ်ဦး၊ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိခန်းမဆောင်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား စနစ်တကျဖြင့် ဖြစ်နိုင်သမျှ အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာ ဖြစ်စေရေးအတွက် နည်းပညာ ကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် အရည်အသွေး ပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်အဖွဲ့ (၁၃)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၂၅

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၁၃)ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ အစည်းအဝေးတွင်လည်း ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းစဉ်

## နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း သက်သာသောဈေးနှုန်းများဖြင့် ၅၅ ရက်မြောက် လှည့်လည်ရောင်းချ

နေပြည်တော် မေ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၅၅ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးသည်။

မေ ၂၅ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ(မနောသုခ- Export Quality) ၃၈ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂အိတ်၊ ဆီပိဿာ ၁၃၂၀၊ ဆား ရှစ်ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၂ ထုပ်၊ ငါးပိ သုံးပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သားပါ ၂၂ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ကြက်ဥအလုံး၃၂၀၊ ဘဲဥ အလုံး ၇၀၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက် အထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ အဆိုပါကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် စခန်းသွင်း လေ့ကျင့်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး စကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ သင်ခန်းစာများ ပြန်လည်လေ့ကျင့် ကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေး ကြိုးစားကျက်မှတ်ကြရန်နှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာသင်ကြားနိုင်ရေးအတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# ၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့်အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး



လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဟော်ကီ၊ ဘောလုံး၊ အေရိုးဗစ်နှင့် Fitness Dance အားကစား နည်းလေးနည်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကရာတေး၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်း အားကစားနည်း သုံးနည်းမှသင်တန်းသား သင်တန်းသူများအား လည်းကောင်း၊ လူမှုရေးရာဝန်ကြီးက ဖူဆယ်၊ တင်းနစ်နှင့် ကြက်တောင် အားကစားနည်း သုံးနည်းမှ သင်တန်းသား သင်တန်းသူများ လည်းကောင်း သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

ယင်းနောက် အေရိုးဗစ်၊ ကရာတေး၊ Fitness Danceနှင့် မြန်မာ့သိုင်း စသည့်အားကစား နည်းအလိုက် သင်တန်းသား သင်တန်းသူများက သရုပ်ပြသကစားကြရာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နည်းပြဆရာ ဆရာမ ၃၆ ဦးနှင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးနွေရာသီ အဆင့်မြင့်အားကစားသင်တန်းကို မေ ၉ ရက်မှ ၂၅ ရက်အထိ ဟော်ကီ၊ ဘောလုံး၊ အေရိုးဗစ်/ Fitness Dance၊ ကရာတေး၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ ဖူဆယ်၊ တင်းနစ်၊ ကြက်တောင် စသည့် အားကစားနည်း ကိုးမျိုးကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အားကစားနည်းအလိုက် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၅၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် (၁၅)ကြိမ်မြောက် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် (၁၆)ကြိမ်မြောက် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၂၅**

မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၅) ကြိမ်မြောက် လှူဒါန်းသည့် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တင်ဆောင်လာသော MT YU DONG သင်္ဘောသည် မေ ၂၃ ရက် နံနက် ၂ နာရီခွဲက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ လည်းကောင်း၊ (၁၆)ကြိမ်မြောက် လှူဒါန်းသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တင်ဆောင်လာသော MV. Orient Glory သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီက သီလဝါ (MITT) ဆိပ်ကမ်းသို့လည်းကောင်း ရောက်ရှိခဲ့ကြသည်။

ထိုသို့ BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်တို့ကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး အဆိုပါရောက်ရှိလာသည့် အောက်တိန်းနှင့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ သီလဝါ(MITT)ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တို့ကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့်အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဗွဲထက်ကို(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေ၊ မီးရရှိမှု အခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေဆိုင်ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေး အရောင်းဆိုင်၊ မွေးမြူရေး အစာစပ်စက်ရုံ၊ ခေတ်မီအားကစားကွင်းနှင့် အားကစားရုံ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများ၊ ဝန်ထမ်းမိသားစုများနှင့် ကျောင်းသား ကျောင်းသူများ သက်သာချောင်ချိရေးအတွက် ဥစားကြက်၊ အသားစားကြက်၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရာသီသီးနှံစိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ရွှေရည်မွန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အိုးဝေကော်ဖီနှင့် ကော်ဖီဗမာ ထုတ်လုပ်သည့်လုပ်ငန်းသို့ ရောက်ရှိပြီး အသင့်သောက်သုံးနိုင်သည့် ကော်ဖီများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**





ကြည့်ရှုစစ်ဆေးစဉ် ထုတ်ကုန်ပစ္စည်းများအား စားသုံးသူများ ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ထုပ်ပိုးခွံများတွင် ကုန်အမှတ်တံဆိပ်နှင့် ပါဝင်ပစ္စည်းများကို ဖော်ပြရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းဖြစ်၍ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်(GMP)များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီသည် ကမ္ဘာ့နိုင်ငံများတွင် နာမည်ကောင်းရရှိပြီးဖြစ်၍ အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ထူထောင်ထားရှိပြီး ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးသိန်းဌေးနှင့်အတူ စဉ့်ကိုင်မြို့နယ်ရှိ ဆန်းရှင်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်၏ ဖိုင်ဘာဘိလပ်မြေပြားစက်ရုံသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ များစွာ ပျက်စီးခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရေးတကြီး လိုအပ်လျက်ရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဖိုင်ဘာဘိလပ်မြေများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် M Steel စက်ရုံနှင့် Han Steel Power စက်ရုံတို့သို့ ရောက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းလုံးများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးရန်နှင့် လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မန္တလေးတက္ကသိုလ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ငလျင်ဒဏ်နှင့် မီးလောင်မှုကြောင့် ထိခိုက် ပျက်စီးသွားသည့် မန္တလေးတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး ထပ်မံတည်ဆောက်မည့် လျာထားမြေနေရာနှင့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိပြီး အိမ်ရာများ တည်ဆောက်ရာတွင် လက်ရာလက်သားကောင်းမွန်စွာဖြင့် ငလျင်ဒဏ်ခံနိုင်အောင် တွက်ချက်ဆောင်ရွက်ရန်နှင့် မြေစမ်းသပ်လုပ်ငန်းဆောင်ရွက်ရန်၊ ဝန်ထမ်းများအိမ်ရာအတွင်း အိမ်ရာစည်းကမ်းနှင့်အညီ စနစ်တကျနေထိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိကာ ဒုတိယဝန်ကြီးက မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့်ပွဲအမီ သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ရန်၊ လက်ရာလက်သား ကောင်းမွန်ပြီး ခိုင်ခံ့ရေး၊ ရှေးမူလက်ရာမပျက် ဦးစားပေးဆောင်ရွက်ရန်နှင့် ဆောင်ရွက်သည့် ကုမ္ပဏီနှင့် တက္ကသိုလ်မှတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်မှာကြားပြီး အင်အားပြင်းငလျင်ဒဏ်နှင့် မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မန္တလေးတက္ကသိုလ် ပင်မဆောင် ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသော မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိကျောင်းတိုက် နာယကဆရာတော်၏ ဂုဏဝိသိဋ္ဌပူဇာ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တက်ရောက်ကြည်ညို

မြစ်ကြီးနား မေ ၂၅

**နိုင်ငံတော်က ဆက်ကပ်ချီးမြှင့်ခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၏ ဂုဏဝိသိဋ္ဌပူဇာ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဂရုဏာလက်လူငယ်ပြုစုပျိုးထောင်ရေးအသင်းမှ တာဝန်ခံများနှင့် လူငယ်များအတွက် ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ်သိန်း ၅၀ ပေးအပ်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ခေမာသီဝံကျောင်းတိုက်၊ နာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ မဟာ ထေရ်မြတ်နှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ် ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့် ပရိသတ်များက ငါးပါးသီလခံယူကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကာ လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကြွရောက်လာသော ဆရာတော် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ် လှူဒါန်းကြပြီး ဂုဏပူဇာ မဟာမင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေး အလှူတော်ငွေများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၃၀၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် နန်ကျင် ကျေးရွာအုပ်အတွင်းရှိ ဂရုဏာလက် လူငယ် ပြုစုပျိုးထောင်ရေးအသင်းအဖွဲ့ရုံးသို့ သွားရောက်၍ စခန်းတာဝန်ခံများနှင့် လူငယ်များအား အားပေး အမှာစကားပြောကြားသည်။


ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က အသင်းရုံးရှိ တာဝန်ခံများနှင့် လူငယ်များအတွက် ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီး ချုပ်က ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ခံ ဦးတန်ရော်က ကျေးဇူးတင်စကားပြောကြားပြီး လူငယ်များက ခွန်အားပြ ဓမ္မတေးသီချင်းဖြင့် သီဆို ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေး ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Kostantin Chuychenko ၏ ဖိတ်ကြားချက်အရ မေ ၁၉ ရက်မှ ၂၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနက ကျင်းပသည့် (၁၃)ကြိမ်မြောက် စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၊ နိုင်ငံသား များအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး အလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန် အလှန်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ် H.E. Mr. IGOR KRASNOV ၏ ဖိတ်ကြားချက်အရ မေ ၂၃ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေး၊ နိုင်ငံသားများအား အပြည်ပြည် ဆိုင်ရာတရားစီရင်ရေး အလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာ အကွယ်ပေး ရေးဆိုင်ရာသဘောတူစာချုပ်၏ လုပ်ထုံးလုပ်နည်း များဆိုင်ရာ နောက်ဆက်တွဲ စာချုပ်လက်မှတ်ရေး ထိုးခြင်းအခမ်းအနား၊ နှစ်နိုင်ငံဥပဒေရေးရာ ကျွမ်းကျင်သူများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။



အဆိုပါ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၏ "အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာပြစ်မှုများအား တိုက်ဖျက်ခြင်း" ခေါင်းစဉ်ဖြင့်ကျင်းပသော ဆွေးနွေး ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက ဆိုက်ဘာပြစ်မှု များ၊ ဒစ်ဂျစ်တယ် နည်းပညာကိုအသုံးပြု၍ ကျူးလွန် သောပြစ်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန် ကူးမှုကျူးလွန်သည့် ပြစ်မှုများသည် နိုင်ငံဖြတ်ကျော် သည့် ပြစ်မှုများဖြစ်ပြီး ကမ္ဘာပေါ်တွင် လူ့အသိုင်း အဝိုင်းကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် အမှုဖြစ်စဉ်များ နေ့စဉ်နှင့်အမျှ မြင့်တက်လျက်ရှိကြောင်း၊ အဆိုပါ ပြစ်မှုများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍ မရနိုင်ဘဲ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံ ပဋိညာဉ်စာချုပ်နှင့်အညီ အခြားသော အာဆီယံအဖွဲ့ ဝင် နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း၊ နိုင်ငံဖြတ်ကျော်ဥပဒေရေးရာ ဝန်ဆောင်မှု လုပ်ငန်းနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ တွင် ဉာဏ်ရည်တုနည်းပညာဖြစ်သော AI နည်း ပညာကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၏ ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ထို့ပြင် (၁၃)ကြိမ်မြောက် စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် ကျင်းပနေစဉ် အတွင်း နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး အလွဲသုံးစားပြုလုပ်၍ တရားစီရင် ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းအခမ်း အနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ဝန်ကြီး H.E. Mr. Kostantin Chuychenko တို့ တက်ရောက်၍ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြ သည်။

မေ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV ၏ ဖိတ်ကြား ချက်အရ မော်စကိုမြို့သို့ သွားရောက်၍ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံသားများအား အပြည်ပြည် ဆိုင်ရာ တရားစီရင်ရေး အလွဲသုံးစားပြုလုပ်၍ တရား စီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေး ဆိုင်ရာသဘောတူစာချုပ်၏ လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ် H.E. Mr. IGOR KRASNOV တို့က တက်ရောက်၍ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ အကောင် အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ အစီအစဉ် (၂၀၂၄-၂၀၂၅) အရ ၂၀၂၅ ခုနှစ် အတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် နှစ်နိုင်ငံဥပဒေရေးရာ စကားဝိုင်းဆွေးနွေးပွဲသို့ နှစ်နိုင်ငံကိုယ်စားလှယ်များက တက်ရောက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကဆုန်လ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ ၁၂ လရာသီဘွဲ့ စာလင်္ကာများကို ရေးစပ်ကြသည့် စာဆိုတော်များ ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်ခဲ့ကြပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တစ်လျှောက် ရေးစပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ မယ်ခွေ၊ ဦးကြင်ဥ၊ ဦးကြော့၊ ဦးယာ၊ ဦးပုည၊ ကင်းဝန်မင်းကြီး စသည်ဖြင့်စာဆိုများသည် သူ့နည်းသူ့ဟန်နှင့် ဥတုသုံးလီ လရာသီ ၁၂ ခုကို ရှုထောင့် တွေးထောင့်များနှင့် အသီးသီးရှုမြင်ခဲ့ကြသည်မျိုး ရှိပါသည်။

တချို့ရာသီဖွဲ့စာပေများသည် ပြောင်မြောက်ကောင်းမွန်သော်လည်း စာဆိုသူမထင်ရှားဘဲ ခေတ်အဆက်ဆက် တည်တံ့လာသည်ကိုလည်း တွေ့ရပါသည်။ ဤ၌ ပထမဆုံးတင်ပြမည့် ပေ့ါပေ့ါပါးပါး ကဆုန်လစာအလင်္ကာကို ဦးစွာတင်ပါမည်။

“ခွန်းထောက်သဖြန်” –

ကဆုန်လ ကြုံရပါတဲ့မြတ်ပွဲတော်၊
သွန်းညောင်ရေ စုကာပေါင်းတယ်လောင်းကြ ပျော်ပျော်။
မြတ်ဗုဒ္ဓေါ် ရည်မြော်လို့ အေးစေကြောင်း၊
ဗောဓိပင် ပလ္လင်နန်းကို ဖျန်းလို့ဆုတောင်း…..။
အပူဝေးလို့ အေးကြပါစေကြောင်း ….. ။

ဖော်ပြပါ ခွန်းထောက်မှာ ဇာတ်ပွဲတွင် မင်းသား မင်းသမီးမထွက်မီ လူရွှင်တော်များက ဤနေ့ည ကပြအသုံးတော်ခံကြမည့် မင်းသမီး၊ မင်းသား၊ ဇာတ်စီး၊ ဇာတ်နင်း၊ ရှေ့ပိုင်း နောက်ပိုင်းများကို နိဒါန်းအနေဖြင့် ပြည်ဖုံး ကတ္တီပါကားကြီးရှေ့သို့ ပြောရန်ထွက်လာကြသောအခါ လူရွှင်တော်တစ်ဦးစီက တစ်ပိုဒ်စီဆိုကြရသော ခွန်းထောက်လေးဆက်သဖြန် အမျိုးအစားဖြစ်ပေသည်။

ခွန်းထောက်သဖြန် ဆိုသောအခါ အသံကိုဖြန့်၍ ဆိုရလေသည်။ ဒွေးချိုးလေးဆပ် ကဗျာအမျိုး အစားဖြစ်သည်။ သီချင်းကြီးကဏ္ဍနှင့် ဆက်စပ်ပါက ပတ်ပျိုးဆုံးသည့်အခါတွင် ဆက်ဆိုရသော စာကဗျာများဖြစ်သည်။ ဇာတ်ထွက်ရာတွင်မူ ပဏာမဆိုရသော အကြောင်းအရာဖြစ်သည်။ အချို့ကလည်း တောခရီးလမ်းတွင် စခန်းခွန်းထောက်ရပ်နားရာတွင် ဆိုရန်ဖွဲ့ဆိုထားသောကြောင့် ခွန်းထောက်ကဗျာဟုလည်း မှတ်ယူကြပေသည်။

ဤခွန်းထောက်မှာ အလွန်အသိခက်သော ဝေါဟာရအသုံးအနှုန်းမပါဘဲ အများသူငှာသိနိုင်သော အကြောင်းခြင်းရာဖြစ်သည်။ ပေ့ါပေ့ါပါးပါး ဆိုနိုင်သည့် ကဆုန်လဘွဲ့စာအလင်္ကာဖြစ်ပေသည်။

အပိုင်းလေးပိုင်း လေးချိုးရှိသဖြင့် လေးဆပ်သဖြန်၊ လေးဆပ်ခွန်းထောက်သဖြန်ဟု ခေါ်ရပေမည်။ လေးချိုးကြီး မဟာလေးချိုးကြီး စသည်ကဲ့သို့ အတွန့်အတက်မရှိ သာမန်ရေးစပ်သုံးထားသည့် ကဆုန်လဘွဲ့ဖြစ်သည်။ စာဆိုအမည်မှာ မထင်ရှားပေ။ ကဗျာရေးချင် စာစပ်

❒ ၈ လုံးဘွဲ့ကဗျာများကို ဘာသာရေးဆိုင်ရာ၊ ပူဇော်ပွဲများတွင် အသုံးပြုကြသည်။ ပူဇော်မည့် အကြောင်းအရာကိုလိုက်၍ (ဝါ) ဒုရေး၊ သုရေး (သုမင်္ဂလ) တွင် သုံးကြပေသည်။ ဒုရေးတွင် သံဝေဂသဘောပါသော အဓိပ္ပာယ်များကို ရေးစပ်ကြသည်။ သုရေးတွင်မူ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုကြည်ညိုဖွယ်သဒ္ဒါစိတ်ဖြစ်စေမည့် အကြောင်းအခြင်းရာများကို ရေးစပ်ကြရသည်။ အများနားလည်နိုင်သော ဝေါဟာရအသုံးအနှုန်းများကို သုံးတတ်ကြသည်။ ကာရန်အနေဖြင့် ၂ မတြာဒီဃ၊ ၃ မတြာ၊ ၃ - မတြာအထက် ပလုတအသုံး များကို များသောအားဖြင့် သုံးရပေသည်

❋ တကယ့်ပွဲကြီးလမ်းကြီးများဖြင့် သဘင်ခံရသောအခါ ၈၀ - ပေါ် တေးထပ် ထပ်တွန့်ကြီးတေးထပ်များဖြင့် သီဆိုတီးမှုတ်ကြသည်ကများသည်။ ၈၀- ပေါ် တေးထပ်ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ကစ၍ ပေါ်ပေါက်လာသောကြောင့် ၈၀ - ပေါ်တေးထပ်ဟုခေါ်ကြောင်း ရှေးကဗျာဆရာများက ဆိုမိန့်ကြလေသည်။ ၈၀ ပေါ် အရေးကောင်းသူများ၏ စာအလင်္ကာများကို ဂီတနှင့်တွဲဖက်၍သီဆိုပါက အလွန်သာယာနာပျော်ဖွယ် ရသပေါ်လွင် ခံစားရပေသည်

သင်ဆိုသောသူများ ရေးဖွဲ့နိုင်သော စာပေဖြစ်ပေသည်။ အောက်ပါ လေးချိုးသဖြန်မှာ စာဆိုတော် ဖိုးသူတော်ဦးမင်း၏ လေးချိုးသဖြန်ဖြစ်ပါသည်။

စံကားဝါ ငုံသင်းလို့ ကြယ်မင်းတည့်(တဲ့) ဝိသာခါ၊
တိမ်ဖွေမှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ ချိန်ခါ၊
စုံကန္တာဟေမာ မြိုင်ထဲ၊
ရွှေကျေးပျံသင်လို့စံပျော်ရွှင်သည်ဟိုကူးလို့ငယ် … မြူးကြစမြဲ….။

ဤစာအလင်္ကာမှာ ဖိုးသူတော်ဦးမင်း၏ စာကဗျာဖြစ်သည်။ ဖိုးသူတော်ဦးမင်း (၁၁၆၀ခန့်–၁၂၁၀ခန့်) မှာ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ဦးလမ်း၊ ဦဧ၊ ဦးနု၊ ဦးမင်း စသည့် စာဆိုများကဲ့သို့ ထင်ရှားခဲ့သော စာဆိုဖြစ်သည်။ ဦးမင်းစာဆို နှစ်ဦးရှိခဲ့သည်။ ကွဲပြားရန် ဖိုးသူတော် ဦးမင်း လူဦးမင်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဖိုးသူတော်ဦးမင်းဟု ခေါ်ခြင်းမှာလည်း ငယ်စဉ်က အိန္ဒြေဘာသဒ္ဓဇဘွဲ့နှင့် ကိုရင်ကြီးအနေနဲ့ နေခဲ့ဖူးသည်။ နောင်လူထွက်၍ နန်းမတော်မိဖုရားကြီးဖြစ်သူ မယ်နုထံတွင် ခစားစာဆိုရကြောင်း သိရပေသည်။ သဖြန်လေးဆပ် ၁၂ပုဒ်၊ ၁၂ ရာသီလွမ်းချင်း၊ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းနွေမိုး လေးချိုးကြီးများကိုစပ်၍ ရတုဒုံးချင်းများလည်း ရေးသားခဲ့သည်။ ဤလေးဆပ်သဖြန်သည်လည်းပဲ အထက်ဖော်ပြပါ စာလင်္ကာကဲ့သို့ လွယ်လွယ်ကူကူ ပေ့ါပေ့ါပါးပါးပင် ရွတ်ဆိုအသိလွယ်ပေသည့်စာဖြစ်ပါသည်။

“တေးထပ်” –

ပရမေ ဘဂဝါအမြတ် ဇလာကပ်သွန်းလှူ နံ့သာခတ်မွှန်ကြူ ကျွန်းဇမ္ဗူခြိမ့်သဲ…
ပုညာဘိညွှန်းပြောင်ဝေသည် သွန်းညောင်ရေ ပြုသည့်ခါပွဲ…
မြန်မာတို့စဉ်အလာနွှယ် မင်္ဂလာခြယ်တင့်ဆဲ သဘင်မဟာ အယဉ်နွဲ့ပါလို့ ရွှင်စမြဲကြည်ပေရာ…
ရပ်ပေါင်းစုံ တအိမ်မလပ် အချိန်မြတ်ကောင်းမှုပူဇော် ဝတ်ိ နတ်အဇတာကျော်အောင်.. ဇလာအဖျော်အမွှေးရေ ကရမက်ကယ်နှင့် ပရမေဓမ္မစက် စေတီယင် သွန်းပြုရေစင်…
ဥဒ္ဒိဿနှင့် မာတုဓမ္မအရှင်ကို သာခုနရ သဘင်အောင်ပွဲတော် မို့လေး…..။ ။

ဤကဗျာမှာ တေးထပ်အမျိုးအစားဖြစ်သည်။ ထပ်တွန့်တေးထပ်ဖြစ်သည်။ တေးထပ်များမှာ သာမညတေးထပ်၊ တေးထပ်ဆန်း၊ တေးထပ် ပိုဒ်စုံ၊ ၈၀–ပေါ်တေးထပ် စသည်ဖြင့် ကွဲပြားမှုအမျိုးမျိုး ရှိပေသည်။

တကယ့်ပွဲကြီးလမ်းကြီးများဖြင့် သဘင်ခံရသောအခါ ၈၀–ပေါ် တေးထပ် ထပ်တွန့်ကြီးတေးထပ်များဖြင့် သီဆိုတီးမှုတ်ကြသည် ကများပါသည်။ ၈၀– ပေါ်တေးထပ်ဆိုသည်မှာ ဘိုးတော်ဘုရား လက်ထက် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ကစ၍ ပေါ်ပေါက်လာသောကြောင့် ၈၀–ပေါ်တေးထပ် ဟုခေါ်ကြောင်း ရှေးကဗျာ ဆရာများက ဆိုမိန့်ကြလေသည်။ ၈၀ ပေါ် အရေးကောင်းသူများ၏ စာအလင်္ကာများကို ဂီတနှင့်တွဲဖက်၍သီဆိုပါက အလွန်သာယာနာပျော်ဖွယ် ရသပေါ်လွင် ခံစားရပေသည်။

“၈ လုံးဘွဲ့ကဗျာ” –

- အလောင်းတော်ကြီး ပျော်မှီ့.နတ်ပြေ၊
  ဗြဟ္မနတ်ပေါင်း ပန်တောင်.ထွေထွေ၊

  သန္ဓေမှီးလို့ ရိပ်ထီးလူ့ပြေ၊
  ဖွားမြင်မှု ရတုကဆုန်နွေ။
- ဖွားတော်မူက လူမျှော့ညွတ်ရုံ၊
  ကပ္ပိလနန်း စံမြန်းသုံးဘုံ၊
  တောထွက်စခန်း မြိုင်နန်းရဂုံ၊
  ဘုရားဖြစ် အားသစ် လ, ကဆုန်။
- ၄၅–မြောက် သက်ရောက်ရှစ်ဆယ်၊
  မလ္လာအင်ကြင်း ပင်မင်းအလယ်၊
  ဝမ်းတော်လားလို့ ရွှေအားတော်ငယ်၊
  နိဗ္ဗာန်နန်း စံမြန်းကဆုန်ဝယ်။
- ရှင်တော်ရုပ်ကလာပ် တုပ်ဝပ်လုံးစုံ၊
  နံ့သာရှိန်မီး ထိန်ညီးဖုံဖုံ၊
  ဓာတ်တော်ကြွင်းကြ မင်းမျှော့ဝေပုံ၊
  စေတီများ တည်ထား လ, ကဆုန်။
- ဖွားမြင်မြောက်တော့ နွေပေါက်ကဆုန်၊
  ဗောဓိပလ္လင်နန်း စံမြန်းကဆုန်၊
  နိဗ္ဗူခြွေကြ နွေလကဆုန်၊
  ကိလန ညီမျှ, လကဆုန်။
- ကဆုန်မာသ ကာလကိုမျှော်၊
  ထိပ်တင်ဥက္ကဋ္ဌ တုပ်ဝပ်ကော်ရော်၊
  ရှင်တော်ငြိမ်းဇာတ် ထိမ်းမှတ်အလျော်၊
  ညီအမျှ ဤလ ရေပူဇော်။

ဤကဗျာမှာ ၈ လုံးဘွဲ့ကဗျာဖြစ်သည်။ ၈ လုံးဘွဲ့ကဗျာများကို ဘာသာရေးဆိုင်ရာ၊ ပူဇော်ပွဲများတွင် အသုံးပြုကြပါသည်။ ပူဇော်မည့်အကြောင်းအရာကို လိုက်၍ (ဝါ) ဒုရေး၊ သုရေး (သုမင်္ဂလ) တွင် သုံးကြပေသည်။ ဒုရေးတွင် သံဝေဂ သဘောပါသော အဓိပ္ပာယ်များကို ရေးစပ်ကြသည်။ သုရေးတွင်မူ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုကြည်ညိုဖွယ်သဒ္ဒါစိတ်ဖြစ်စေမည့် အကြောင်းအခြင်းရာများကို ရေးစပ်ကြရသည်။ အများနားလည်နိုင်သော ဝေါဟာရအသုံးအနှုန်းများကို သုံးတတ်ကြပါသည်။ ကာရန်အနေဖြင့် ၂ မတြာဒီဃ၊ ၃ မတြာ၊ ၃–မတြာအထက် ပလုတအသုံးများကို များသောအားဖြင့် သုံးရပေသည်။

ကိုလိုနီခေတ်နှောင်းနှင့် လွတ်လပ်ရေးရပြီးကာစ ဝန်းကျင်တွင် ယပ်လှဲတရားဟောပုဂ္ဂိုလ်များ ဟောစာများ အလွန်ပေါ်ပေါက်လာသည်။ ထိုတရားပွဲကြီးများ မဟောကြားမီ ရွတ်ဆိုကြသည့် ဒုရေး သုရေးနှစ်ခုလုံးပင် ၈ လုံးဘွဲ့ကဗျာကို သုံးကြသည်။ အကြောင်းအရာကိုလိုက်၍ တိုတိုလည်းရသလို ရှည်၍လည်း ရနိုင်ပါသည်။

“လူးတား” –

သာစွလေ–ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြိုဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဋ္ဌူလှရာ၊ ပန်းတကာကို၊ မြူ,တာ,တကောင်း၊ မတင့်တောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးရင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်..
အခါညောင်ရေ သွန်းတည့်လေ…..
ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး……။ ။

ဖော်ပြပါစာလင်္ကာမှာ ကဆုန်လဘွဲ့ လူးတားဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# ရင်ခွင်သစ်မှာ ခိုဝင်စို့

❖ လက်ဦးဆရာ မည်ထိုက်စွာသား
ပုဗ္ဗာစရိယ မိနှင့်ဖဟု
ညွှန်းပြဖွင့်ဆို၊ နားဝင်ချို၏
သို့ဆိုနိုင်ရေး၊ စေ့စေ့တွေးမူ
ကျေးဇူးများစွာ၊ ပြုခဲ့ရာကား
သင်္ချာရေတွက်၊ လွန်ခဲခက်အောင်
မပျက်အစဉ်၊ မေတ္တာယှဉ်သည်
မြင်ယောင်တွေးကြည့် ခုခါထိ…။

❖ မှောက်ရာမှထိုင်၊ ထိုင်ရာမှထ
ထရာမှလှမ်း၊ လမ်းလျှောက်စမ်း၍
ဖြောင့်တန်းရှေ့ဆီ၊ ဟန်ချက်ညီဖို့
မျက်ခြည်မပြတ်၊ စဉ်မလပ်ဘဲ
ထိန်းမတ်ခြင်းက၊ အစစတည့်
ထိုမှဆက်ကာ၊ ဘဝတာထိ
များးစွာသင်ကြား၊ မေတ္တာထားသည်
လူလားမြောက်သည့် ချိန်ခါထိ။

❖ သို့ဖြစ်ပေငြား၊ သမီးသားတို့
ရှည်လျားလှစွာ၊ ဘဝတာဝယ်
ပညာပြည့်ဝ၊ နှလုံးလှ၍
ဗလငါးတန်၊ ဖွံ့ဖြိုးသန်ဖို့
မှန်ကန်ပြည့်ဝ၊ ရင်းမူလတည့်
က – ခ မှသည်၊ ဘွဲ့စုံသည်ထိ
တည်နေခဲ့ပါ၊ ကျောင်းတော်သာဝယ်
ပညာလည်းသင် လမ်းလည်းထွင်သည်
မြင်ယောင်တွေးကြည့် ခုခါထိ…။

❖ ဒုတိယမိဘ၊ ဆိုသော်ရအောင်
သိပ္ပမျိုးထွေ၊ သင်မှုဝေသော်
မသွေမချော်၊ ကျောင်းနေပျော်၍
စာတော်ကြလျက်၊ နောင်တိုးတက်ဖို့
နှင်းဆက်မေတ္တာ၊ နာသုံးနာဖြင့်
ဆရာ ဆရာမ၊ မြင်ပါရမည်
ညွှန်းပြဆိုလှစ် ရင်ခွင်သစ်…။

❖ ထိုရင်ခွင်သစ်၊ ထိုရင်းမြစ်ကား
ဖွင့်လှစ်လက်ကမ်း၊ ဘဝလမ်းကို
ဖြောင့်တန်းစေရာ၊ ကွန်းရိပ်သာမို့
ပညာလိုလား၊ စိတ်ခွန်အားဖြင့်
သွားကြပါစို့ ကျောင်းအပ်ဖို့…။
ရင်ခွင်သစ်မှာ ခိုဝင်စို့…။

**ဘိုမျိုး (ရွှေဘို)**

*စာမျက်နှာ ၁၀ မှ*

ကဗျာ သဘောတရား၌ ၃ မတြာ ၃ မတြာထက် အထက် အသံကိုရှည်ရှည် ရွတ်ဖတ်ရလျှင် ပလုတဖြစ်ပေသည်။ ကဗျာ သာရတ္ထသင်္ဂြိုဟ်နှင့် ဆရာကြီး မမ္မာစရိယ ဦးထွန်းရွှေ၏ ကဗျာ့ စွယ်စုံကျမ်းကြီးတွင် ပလုတမှ ရွေ့လျားလာကာ လူးတား ဖြစ်သည်ဟု ဖွင့်ဆိုလေသည်။

အချို့ပညာရှင်များကလည်း ရေစီးသန်သောချောင်းမြစ်ကြောင်း တို့တွင် လှေဆန်တတ်သောအခါ ကြိုးဖြင့် ဟိုဘက်ဒီဘက် ဆိုင်း၍ ဆွဲ၍ လှော်တက်သွားသည်ကို "လူးတားပေါက်" သည်ဟုခေါ်သည်။ ထိုအခေါ်ကို အကြောင်းပြု၍ "လူးတား" ဟု ခေါ်ဆိုခြင်းကိုလည်း ဖွင့်ဆိုပေသည်။

လေးလုံးစပ်လင်္ကာဖြင့် ၂ ပိုဒ်ဖြစ်စေ၊ ၃ ပိုဒ်ဖြစ်စေ၊ ၄ ပိုဒ်ဖြစ်စေ ခံပြီး ၃ လုံးတစ်ပိုဒ်ကို "လေ"ဟူသော အက္ခရာထား၏။ ရတုလင်္ကာ များကဲ့သို့ပင် လေးလုံးစပ်အလင်္ကာပင်ဖြစ်သည်။ အချပိုဒ်နှင့် အက္ခရာ ခုနစ်လုံးဖြင့် ဆင့်၍ချရသည်။ ဤလူးတားမှာ အချသည် "အခါ ညောင်ရေသွန်းတည့်လေး၊ ရွှေပြည်ရွှေဝ နန်းတည့်လေး" ဟု ချထား ၍ လူးတားအနေနှင့် ရေးထားသော ကဆုန်လစာအလင်္ကာဖြစ်သည်။

"အဲချင်း"

ဖန်နန်းမှ မျက်အုံလေ… နေနှင့်ယှဉ်မှီ၊ ရောဟဏီလည်း၊ မှန်စီ ဆောင်က၊ ရွှေထီးရိပ်ပြုပါလို့၊ လွှမ်းစယှက်သွယ်၊ မင်းမူဟန် ကျယ်လှ၊ မိုးလယ်ဘုံမှာတည့်လေး…

ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်သို့၊ ရှစ်မျက်နှာစို၊ တောတခိုမှာ၊ ပျိုနုနုနှင့်၊ ကျီးဥမှလဲ့ပြာ။ စံကားထုံသင်း၊ ဂေါစာ ချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေငယ်စံ သည် (ညာကြေငယ်ပျံသည်)၊ ယုဂန်မှာ တိမ်တစ်ပုံက၊ ဂဠုန်လို ဝဲ။ အသည်းမှာဆွတ်ကျင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ပိုက်ဦးငင်လို့၊ သဘင်မှ ဖြိုးဝေ။ စင်ရော်,သောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ်ခြွေသည်။ ဂြိုဟ်စနေ ဖီလာ ပိုင်းဆီက၊ မုန်တိုင်းချီပြင်း။ ပြည်ကမ္ဘောဇ၊ တိုင်းညီမြမှာ၊ တံငါ တာရာ၊ ကြယ်ဥက္ကာနှင့်၊အခါညောင်ရေ၊ ပွဲစုံငယ်ထွေလို့၊ လွှမ်းပွေ ဆိုင်ညီ၊ သေမင်းပင် မှီရော့ထင့်။ စက်ရာသီ ပြိသ္မရေးတဲ့၊ ငိုကြွေး ခင်းလေး.....။

စာဆိုမယ်ခွေ၏ ကဆုန်လဘွဲ့ အဲချင်းဖြစ်သည်။ စာဆိုတော် မယ်ခွေမှာ ကုန်းဘောင်ခေတ် ထင်ရှားခဲ့သော စာဆိုတစ်ဦးဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက် နန်းတွင်း၌ ခစားရသော စာဆိုအမျိုးသမီး တစ်ဦးဖြစ်သည်။

အဲချင်းအမျိုးအစားမှာ အစပိုဒ်၌ "နေနက်ကယ်မှ ရာဇာလေ… ခမောက်ကယ်မှ စိန်တောင်လေ… မင်္ဂလာရယ်မှ မဏ္ဍိုင်လေး…" စသည်ဖြင့် ခြောက်လုံးဖြစ်စေ၊ ခုနစ်လုံးဖြစ်စေ စ၍ သုံးချိုး လေးချိုး ဖြင့် စပ်ဆိုရေးသားထားသောစာပေအမျိုးအစားဖြစ်သည်။ အဲချင်းမှာ အရှင်သခင်အကြီးအကဲကို ပသတမ်းတပြီးဆိုသော သဘောလည်း ဖြစ်ပေသည်။ ထို့ကြောင့် နတ်ပွဲအစ အဲချင်းကဟု ဆိုရိုးရှိပေသည်။

စာဆိုမယ်ခွေ၏ အဲချင်းထူးခြားချက်မှာ ဝေဒပညာနှင့် ကြည့်ပါ က ရာသီစက်၊ တိတ်စွဲဒေသ၊ ဂြိုဟ်နက္ခတ်တာရာ၊ ရာသီပန်း၊ ပတ်ဝန်း ကျင်မြင်ကွင်း၊ ရာသီပွဲ စသည်တို့ကို ချိတ်ဆက်မှု ကောင်းကောင်းဖြင့် ပေါ်လွင်အောင်ရေးသားထားလေသည်။ နက္ခတ်ဗေဒင် ကျွမ်းကျင်သူ များအနေဖြင့်ကြည့်ပါက အလွန်ပညာရပ်ဆန်သော၊ ကောင်းမွန် တန်ဖိုးရှိသော စာပေအမျိုးအစားဖြစ်ပေသည်။ ဝေဒပညာရပ်နှင့် တိုင်းနိုင်ငံ တိတ်စွဲများကို မူကွဲတွေ့ပါက မယ်ခွေ၏ အဲချင်းပါ တိတ်စွဲ နှင့် ညှိရပါသည်။ ထိုအနေထားမျိုးကိုရေးသားထားသော အဆင့်မြင့် ရာသီဘွဲ့အမျိုးအစားဖြစ်ပါသည်။

"ကြိုးသီချင်း"

အောက်တွင်ဖော်ပြမည့် "တေတလေ တေတေလေ ထံချန့်ချန့် တေ…" စသော တေးသွားမှာ ဗောဓိညောင်ရွက်သံ ကြိုးသီချင်း ဖြစ်သည်။ အလောင်းဘုရားလက်ထက် မြင်းရည်တပ် ၆ ကြိတ် ၈ ယောက် (၆၈) တွင်ပါဝင်သော လက်ဝဲနော်ရထာ ဦးနေဆိုသည့် ပုဂ္ဂိုလ်ဖွဲ့ခဲ့သော (သို့) ရေးကရှိခဲ့ပြီးသော ဗောဓိညောင်စာအလင်္ကာကို ဂီတသင်္ကေတ ပြုခဲ့သော တေးသွားဖြစ်ပေသည်။

ထိုကဲ့သို့ ဂီတ တေးသွားသင်္ကေတများကို ဒူပေါင် ထန်ပေါင်ဟု ခေါ်သည်။ ဆရာပန်းမူ ဆရာရိပ်မူ မည်သည့် ဆရာမူ စသည်ဖြင့် ဂီတမျိုးဆက်တွင် ရှိပါ၏။ မြဝတီမင်းကြီးဦးစ၏ သီချင်းစာသား အချို့တွင် ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုး စသည်ဖြင့် မည်သည့် စာသားဝေါဟာရမျှမပါဘဲ တေတလေ၊ ဒူတေလေ၊ ချန့်ချန့်ဒူ စသည့်ဖြင့် ရေးဖွဲ့ထားမှု အများပင်တွေ့ရပါသည်။

ဤသည်ကို တေးတွဲ့ဟုလဲခေါ်ကြောင်း သိရပါသည်။ ဂီတပညာ ရှင်များ ဖြစ်ကြသည့် ပုသိမ် ဒေါ်တင်တင်၊ ဣန္ဒဝဇီရ ခေါ် သခင် အောင်ရှိန်(ဘိသိက်မင်္ဂလာကျမ်းပြု) ဤကဲ့သို့ သဘောသက်ဝင် သော တံတျာတေရှင် ပုဇဉ်းတောင်သံကြိုးကို ပဥ္စသင်္ခနတ်စောင်း သဘောဖြင့် အနက်အဓိပ္ပာယ်ကြံဆဖွင့်ဆိုခဲ့ဖူးသည်ကို အမျိုးသား စာပေဆုများရှင် (ခတ်ပြား) ဦးမောင်မောင် သူ၏မဟာဂီတပေါင်း ချုပ်စွယ်စုံကျမ်း၌ ထိုခေတ်ပညာရှင်များ၏ သဘောမှတ်ချက်ကို လေ့လာဖော်ပြထားလေသည်။

ဥပမာအနေဖြင့် ပြောရပါက မှုန်ရွှေရည် သီချင်းအလိုက်ကို စာသား မရ၍ဖြစ်စေ၊ ရ၍ဖြစ်စေ လေချွန်သောအခါ (သို့) ပါးစပ်က ညည်းသော အခါ.. ဒီဒီဒီ …. ဒီဒီဒီဒီဒီ…. စသည်ဖြင့် ထွက်လာသည်။ နိဂ္ဂဟိတ် အသံကို ရေးထားသော စာသားမပါ (Word Lose) စာလုံးပျောက် သင်္ကေတဖြစ်သည်။ (Melody) သဘောဖြစ်ပေသည်။ စာရှုသူ ဒူပေါင်ထန်ပေါင်ကို စာလုံးသွင်း၍ ရေးခေတ်ကရေးခဲ့သော ကဆုန် ဗောဓိညောင်ရေသွန်း …. စာကြောင်းစာသားအကြောင်းအရာကို ဖြည့်စွက်၍ စာအလင်္ကာမြူးကြည့်ပါဘိ။

ကမ္ဘာကျော်စစ်တုရင်ကစားကွက်ဖြစ်သည့် ဗော်လကာ တောင်တန်းကို ဖြတ်ကျော်ခြင်းဆိုသော စစ်တုရင်ကွက်ကို တစ်ကွက် ချန်၍ (ဝါ) မြှုပ်၍ ကစားကြရာ ယနေ့တိုင် ထို့အတိုင်း ကစားပွဲ မသိမ်း နိုင်သေးဆိုသော အဆိုတစ်ခုရှိပေသည်။

ဤဗောဓိညောင်ရွက်သံကြိုး သီချင်းသည်လည်း ကဆုန်ညောင်ရေ သွန်း အကြောင်းပင်လော? သို့မဟုတ် ဤနေမျိုးမဟာကျော်ထင်ပင် ရေးဖွဲ့သော (၁၁၃၂ တန်ဆောင်းမုန်းလ) ဗောဓိရွက်သံကြိုးကဲ့သို့ ဆောင်းဘွဲ့လော? (နိုင်ငံတော်မူ မဟာဂီတ) စာရှုသူများ ဉာဏ်ကစား ရမည့် ဗောဓိရက္ခ ကဆုန်လ ဗောဓိညောင်ကြိုး သီချင်းကြီး ဖြစ်ပါ တော့သည်။

(တေတလေ)၂ ထံတုံ့တုံ့ (တေ)၂ လေ (တေလေ) ထံတုံ့တုံ့တေ (တေလေ) တလေထူ (ထံ)/တျာ (တာလျာ) တို့တို့တေ တေတလေ တေတေ တျာထူတုံ့တေ ထူတျော တေတျော (ထံ) တေတျော (ထူတျော)ပ ထူထပ်တာ တေထံတျာ ထပ်တျာ တေတျော (ထံတျာ)' တျော တေထူထံတ္တံ့ တျောထပ်တျာ

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲ၌ မြန်မာ-ထိုင်း ငါးချီနှစ်ပွဲဖြစ်သည့် ထွန်းမင်းနိုင်(မြန်မာ) နှင့် Veenut (ထိုင်း) တို့ပြိုင်ပွဲ၌ ထွန်းမင်းနိုင်က အနိုင်ရရှိသည်။ နောက်တစ်ပွဲဖြစ်သည့် ရာမာဉ် (မြန်မာ) နှင့် Famechai (ထိုင်း) တို့ ပြိုင်ပွဲ၌ ရာမာဉ်ပါဝါကောင်း၊ အရပ်မြင့်ပြီး Famechai က အရပ်နိမ့်သည်။ ပထမ အချီတွင် ရာမာဉ်ဘယ်ခြေကန်ချက်ကြောင့် Famechai အနားတောင်းခဲ့ပြီး ဒုတိယအကြိမ် ခြေကန်ချက်တွင် Famechai အထိနာကာ ဒိုင်ပွဲ ရပ်ဖြင့် ရာမာဉ်ကို အနိုင်ပေးလိုက်သည်။

ပြည်တွင်းငါးချီဖြစ်သည့် ကျော်ဇင်လတ် (MFC) နှင့် ထွန်းတောက်မင်း (အဖြူရောင်သွေးသစ်)တို့ ပြိုင်ပွဲတွင် ထွန်းတောက်မင်း လက်သီးတရစပ်ထိုး ခဲ့မှုကြောင့် ပထမအချီတွင် ကျော်ဇင်လတ် အနား တောင်းခဲ့ရပြီး အရှုံးပေးလိုက်ရသည်။

ထို့ပြင် ပြည်တွင်းသုံးချီပြိုင်ပွဲတွင် ရဲမင်းအောင် (Smart Fight Club)နှင့် စိုင်းသစ်အောင် (တော်ဝင်ရော Club)၊ စောထက်အောင် (Smart Fight Club) နှင့် အောင်ဟိန်း (တော်ဝင်ရော Club)၊ ကျားသစ်အောင် (MFC Club)နှင့် ကောင်းထက်ဟိန်း (လုံးချော ကလပ်) တို့ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့ပြီး လားကပေါ (MFC Club)နှင့် စောလယ်တာမလား (Ray Club)ပြိုင်ပွဲတွင် ဒိုင်ပွဲရပ်ဖြင့် လားကပေါကို အနိုင်ပေးလိုက်သည်။

ထို့နောက် လေးချီပြိုင်ပွဲတွင် နိုင်ဝင်းထွန်း (Nine Club)က ကြယ်တစ်ပွင့် (MFC Club)ကို တတိယ အချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဝူသောဒို (MFC Club) က အောင်ကောင်းကျော် (Ray Club) ကို ဒုတိယအချီတွင်လည်းကောင်း၊ စောမင်းနိုင် (MFC Club)နှင့် မြလုံးချော (Top One Club)၊ စိန်လုံးချော (MFC Club) နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)တို့ အလူးအလဲဖြင့် ပူးတွဲ သရေကျခဲ့သည်။

**တင်စိုး(မြန်မာ့အလင်း)**

■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong သည် ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သီရိမင်္ဂလာလမ်း လမ်းသွယ်(၁) အမှတ်၄၀(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံသံရုံးသို့ သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Mr. Tran Duc Luong သည် ဗီယက်နမ်နိုင်ငံ၏ သမ္မတအဖြစ် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၀၆ ခုနှစ် ဇွန်လအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၈) နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း




**နေပြည်တော် မေ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့နယ်ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသဝမ်းစာဖူလုံရေး၊ ဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ရေမြေရာသီဥတုအခြေအနေပေးသည့် စိုက်ပျိုးဧရိယာများ သီးထပ်စွမ်းအား မြှင့်တင်ရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြီး ဈေးကွက်ဝင် အမယ်သစ်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးအတွက် ဌာနတောင်သူနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ မြေယာအသုံးချမှုကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာစောင့်သိသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

ထွက်ခွာလာသည့် အမှတ်(၆၈၇) အဆန်ကျောက် ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာမှ နံနက် ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၂၃/၂၃-၂၄ အရောက် ရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၈ နာရီ ၄၅ မိနစ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင်ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့ မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက် စက်ခေါင်းမောင်း နားနေတွဲနှင့် ကျောက်တွဲငါးတွဲတို့ လမ်းချော်ကျမှု ဖြစ်ပွားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းအား နံနက် ၈ နာရီ ၅၁ မိနစ်တွင် လမ်းပိုင်းအား ခေတ္တပိတ်သိမ်း၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သိမ်ဇရပ်ဘူတာသို့ ရောက်ရှိ ရပ်နားထားသည်။ ထို့အတူ မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန် ရထားသည် ယနေ့ နံနက် ၉ နာရီ ၇ မိနစ်တွင် သဲဖြူကုန်းဘူတာသို့ ရောက်ရှိရပ်နားထားသည်။ မြန်မာ့မီးရထားက အဆိုပါ ရထားများအား ခရီးအစဘူတာများဖြစ်သည့် ရန်ကုန်နှင့် မော်လမြိုင်ဘူတာသို့ ပြန်လည်ထွက်ခွာပြီး ခရီးသည်များအား လက်မှတ်ခများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၈၂)ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း (၁၇၆) ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန် ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး -မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အမှတ် ၆၈၇ အစုန် ကျောက်ရထားလမ်းချော်ကျမှုအခြေအနေ။

---

❊ *ကျောဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေဖြင့် လူနာများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုရရှိရေးဆောင်ရွက်လျက်ရှိပါတယ်

(ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး)

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ သဘာဝဘေးအန္တရာယ်နှင့် လူအများထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) အတိုင်း ဆေးရုံရှိအဆောက်အအုံများ ပျက်စီးမှုများရှိနိုင်ခြင်းအပေါ်အခြေခံ case scenario များဖြင့် သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ ပြုလုပ်ခဲ့သည်။**

အဆိုပါ သဘာဝဘေးအန္တရာယ်နှင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်မှာ ဘယ်လိုအကြောင်းအရာတွေ ပါဝင်ပါသလဲ။ ဘယ်လိုနေရာတွေအထိ လွှမ်းခြုံနိုင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ (ခုတင် ၂၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်ပြီး မြန်မာပြည်မှာ အကြီးဆုံးဆေးရုံကြီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ တစ်ရက်ကို ပျမ်းမျှ အတွင်းလူနာ ၁၃၀၀ ခန့်၊ ပြင်ပလူနာ ၂၀၀၀ ခန့်နဲ့ အကြီးစားခွဲစိတ်မှု ၅၀ ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရေးပေါ်ဆေးကုသမှုဌာနအနေနဲ့ နေ့စဉ်ပျမ်းမျှ လူနာ ၂၅၀ ကို အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ညွှန်ကြားမှုနဲ့ သဘာဝဘေးအန္တရာယ်နဲ့ လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) ကို ရေးဆွဲထားပြီး အရေးပေါ်အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်။

ရည်ရွယ်ချက်အနေနဲ့ သဘာဝဘေးအန္တရာယ်များနဲ့ အခြားသော လူအများထိခိုက်ဒဏ်ရာရရှိမှု အခြေအနေကျရောက်ချိန်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများရဲ့ အသက်အန္တရာယ်ကို လျင်မြန်ထိရောက်စွာ ကယ်တင်ကုသဖို့နဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုရောက်ရှိလာတဲ့ လူနာတွေကို ပုံမှန်လုပ်ငန်းများမပျက်စေဘဲ စနစ်တကျစီမံခန့်ခွဲပြုစုကုသပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများ အစုလိုက်ထိခိုက်ဒဏ်ရာရရှိသူ လူဦးရေ ၁၀ ဦး တစ်ပြိုင်တည်းရောက်ရှိလာရင် ယင်းအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူအများထိခိုက်ဒဏ်ရာရရှိသူ ပထမ လူနာ ၃၀ ကို အရေးပေါ်ဌာနက တာဝန်ယူပြီး လူနာ ၃၀ မှ ၁၀၀ အတွင်းဖြစ်ရင် တစ်ဆေးရုံလုံး ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူနာ ၁၀၀ ကျော်ရင်တော့ တခြားဆေးရုံတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။



**မေး။ ။ ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်သွားမယ့်အစီအစဉ်နဲ့ ပူးပေါင်းဆောင်ရွက်မယ့် အဖွဲ့အစည်းများကို သိချင်ပါတယ်။ ဘယ်လိုအဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်လို့ ရပါသလဲ။**

ဖြေ။ ။ သရုပ်ပြလေ့ကျင့်ခန်းကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဆေးကုဆောင်တစ်ခုမှာ သဘာဝဘေးကြောင့် ပျက်စီးတဲ့ဖြစ်စဉ် ဖန်တီးပြီး လူနာ ၄၀ ခန့် တစ်ပြိုင်တည်း ရောက်ရှိတဲ့ scenario ပြုလုပ်တာဖြစ်ပါတယ်။ လူနာ ၄၀ နဲ့ လူနာစောင့် ၄၀ အဖြစ် ရန်ကုန်သူနာပြုသင်တန်းကျောင်းက သင်တန်းသား သင်တန်းသူတွေ ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ဆေးရုံရှိဌာနအသီးသီးက ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ငယ်များ၊ သူနာပြုကြီး/ငယ်များ၊ ဓာတ်ခွဲ/ဓာတ်မှန် စတဲ့ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များနဲ့ အငယ်တန်းဝန်ထမ်းများ၊ လသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ လသာမြို့နယ် ရဲတပ်ဖွဲ့နဲ့ လသာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်သရုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြိုတင်ပြင်ဆင်ထားတဲ့ အခြေအနေ (ဆေးဝါး၊ သွေး၊ စက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းအင်အား) သိချင်ပါတယ်။**

ဖြေ။ ။ ပထမဦးစွာ အရေးပေါ်အခြေအနေ ဖြစ်လာရင် common and control center (အရေးပေါ် အခြေအနေကွပ်ကဲရေးအဖွဲ့) ကို ချက်ချင်းစုဖွဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေ ကွပ်ကဲရေးအဖွဲ့အောက်မှာ လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့နဲ့ အထောက်အကူအဖွဲ့ခြောက်ဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းပြီး အရေးပေါ်အခြေအနေကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့ကတော့

(၁) ဆေးရုံတွင်ရောက်ရှိလာသော လူနာများနှင့် ဆေးရုံဝန်ထမ်းများ လုံခြုံရေးအဖွဲ့
(၂) ဆေးကုသရေးအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့
(၃) အရေးပေါ်လူနာများအတွက် ပစ္စည်းဖြည့်တင်းရေးအဖွဲ့
(၄) ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
(၅) သတင်းဆက်သွယ်ပြန်ကြားရေးအဖွဲ့
(၆) လူမှုဆက်သွယ် ဆောင်ရွက်ရေးအဖွဲ့တို့ ဖြစ်ပါတယ်။

အထောက်အကူအဖွဲ့ခြောက်ဖွဲ့ကတော့

(က) ဓာတ်မှန်ဌာနအဖွဲ့
(ခ) ရောဂါဗေဒဌာနအဖွဲ့
(ဂ) ဥပဒေရေးရာဆေးပညာအဖွဲ့
(ဃ) သွေးလှူဘဏ်အဖွဲ့
(င) သွေးဖြန့်ချိရေးအဖွဲ့
(စ) Medical Store ဌာနအဖွဲ့တို့ဖြစ်ပါတယ်။

ဒီလုပ်ငန်းအဖွဲ့တွေနဲ့ အထောက်အကူပြုအဖွဲ့တွေမှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ (ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနဲ့ ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး၊ ဆေးရုံအုပ်များ) က တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာအဖွဲ့ဝင်များနဲ့ အဖွဲ့အချင်းချင်း ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုတင်သရုပ်ပြ လေ့ကျင့်တာဖြစ်ပါတယ်။

**မေး။ ။ အခြားဖြည့်စွက်ပြောလိုသည်များ ရှိပါက ပြောကြားပေးပါ။**

ဖြေ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာများအတွက် အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နှင့်တစ်ပြေးညီ ကုသမှုရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ခေတ်အခါမှာ သဘာဝဘေးအန္တရာယ်ကြောင့် လူအများစု ထိခိုက်ဒဏ်ရာရရှိတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် မတ် ၂၈ ရက်နေ့မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ပြည်သူအားလုံးသိရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးဆိုတာ ကြိုတင်မသိနိုင်ပေမယ့် ထိခိုက်မှု၊ ဆုံးရှုံးမှု နည်းပါးအောင် ဆောင်ရွက်လို့ရပါတယ်။ “ Practice make perfect” ဆိုတဲ့ စကားအတိုင်း အန္တရာယ်တစ်ခုခုကြောင့် လူအများစု ဒဏ်ရာရရှိနိုင်တဲ့ အရေးပေါ်အခြေအနေမှာ ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ပုံမှန်ဆေးကုသမှုလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ရင်း တစ်ပြိုင်တည်းရောက်ရှိလာမယ့် လူနာတွေအတွက် အသက်ကယ်ဆယ်ရေး၊ ကုသရေးလုပ်ငန်းများကို စနစ်တကျ (အဖွဲ့ဝင်များဖြင့်) (Team work) ဖြင့် ဆောင်ရွက်သွားရင် အခက်အခဲကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကုသရေးဦးစီးဌာနတွေရဲ့ လမ်းညွှန်ချက်များနဲ့ ညွှန်ကြားမှုအောက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးမိသားစုက ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေအတွက် အစဉ်အလေးထားပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း–သီဟမင်းသစ်**
**ဓာတ်ပုံ–ဇော်မင်းလတ်**

# မိုင်းဆတ်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုင်းဆတ် မေ ၂၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မိုင်းဆတ်–မိုင်းခုတ်သွား ကားလမ်းမဘေး မိုင်းဖုန်းဆရာတော် ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇင်မင်းထွန်းနှင့်တပ်မတော်သားများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းနိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အဖြူရောင်လူငယ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၅၀ တက်ရောက်ပြီး ကျွန်းပင် ၁၀၀၊ မဲဇလီပင် ၅၀၊ ပိတောက်ပင် ၁၀၀၊ စိန်ပန်းနီပင် ၁၀၀၊ စိန်ပန်းပြာပင် ၁၀၀ နှင့် မန်ဂျန်ရှားပင် ၅၀ စုစုပေါင်း ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း (ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ကျောင်းကုန်း မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ မေ ၂၃ ရက် နံနက်က ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားသည်။ ထို့နောက် စာရေးကိရိယာများနှင့် မူလတန်းဆင့်ကျောင်းဝတ်စုံများကို ကျောင်းသားကျောင်းသူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# တရားရုံးက ထရမ့်၏ပိတ်ဆို့မှုကို ရပ်နားထားသည့်အတွက် ဟားဗတ်တက္ကသိုလ်မှ နိုင်ငံခြားကျောင်းသားများ ယာယီသက်သာခွင့်ရ

**ဝါရှင်တန် မေ ၂၅**
ဟားဗတ်တက္ကသိုလ်မှ နိုင်ငံတကာကျောင်းသားများသည် ကျောင်းတွင် ပညာဆက်လက် သင်ကြားခွင့် ပိတ်ပင်ခံရမှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရ၏ လုပ်ဆောင်မှုများကြောင့် မသေချာမရေရာမှုနှင့် ရင်ဆိုင်နေရသည်။

တက္ကသိုလ်၏ တိုင်ကြားမှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်တရားရုံးတစ်ရုံးက ထရမ့်အစိုးရအဖွဲ့၏ နိုင်ငံတကာကျောင်းသားများအပေါ် ပိတ်ပင်မှုကို မေ ၂၃ ရက်တွင် ယာယီတားဆီးလိုက်သည်။

ဟားဗတ်တက္ကသိုလ်မှနိုင်ငံတကာကျောင်းသားများသည် တက္ကသိုလ်နယ်မြေအတွင်း အကြမ်းဖက်မှုများနှင့် ဂျူးဆန့်ကျင်ရေးများ ပြုလုပ်နေသည်ဟူသောစွပ်စွဲချက်ဖြင့် နိုင်ငံတကာကျောင်းသားများ တက်ရောက်ခွင့်ကို ပိတ်ပင်ကြောင်းကြေညာခဲ့သည်။

ဟားဗတ်တက္ကသိုလ်တွင် ပညာသင်ကြားနေဆဲ နိုင်ငံတကာကျောင်းသားများအနေဖြင့် အမေရိကန်တွင် ဆက်လက်နေထိုင်လိုပါက ကျောင်းပြောင်းရမည်ဖြစ်ပြီး ထိုသို့မပြုလုပ်ပါက ရရှိထားသည့် အဆင့်အတန်းကို ဆုံးရှုံးရမည်ဟု အစိုးရက ကြေညာခဲ့သည်။

တရားရုံး၏ ဆုံးဖြတ်ချက်သည် အဆိုပါမူဝါဒ နိုင်ငံတကာကျောင်းသားများအပေါ် ချက်ချင်းသက်ရောက်မှုမှ တားဆီးပေးသည်။ လက်ရှိ ဟားဗတ်တက္ကသိုလ်တွင် နိုင်ငံတကာကျောင်းသား ၆၈၀၀ ခန့် တက်ရောက်နေပြီး ၎င်းတို့ထဲတွင် ဘယ်လ်ဂျီယံမှ မင်းသမီးအဲလစ်ဇဘတ်နှင့် ကနေဒါ ဝန်ကြီးချုပ် မက်ခ်ကာနေး၏ သမီးတို့ပါဝင်သည်။



ဘယ်လ်ဂျီယံနိုင်ငံ၏ ထီးနန်းဆက်ခံမည့် မင်းသမီး အဲလစ်ဇဘတ်သည် ပြည်သူ့မူဝါဒဆိုင်ရာ မဟာဘွဲ့ တက်ရောက်သင်ကြားနေသူလည်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပိတ်ဆို့မှုများ လျှော့ချပြီးနောက် တူရကီယဲသမ္မတနှင့် ဆီးရီးယား ယာယီသမ္မတတို့ တွေ့ဆုံ

**အစ္စတန်ဘူလ် မေ ၂၅**
တူရကီယဲနိုင်ငံ သမ္မတရီဆက်တေရစ်အာဒိုဂန်နှင့် ဆီးရီးယားနိုင်ငံ ယာယီသမ္မတ အာမက်အယ်လ်ရှာရာတို့သည် မေ ၂၄ ရက်က အစ္စတန်ဘူလ်၌ တွေ့ဆုံခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က ဆီးရီးယားအပေါ် ပိတ်ဆို့အရေးယူမှုများ ဖြေလျှော့ပေးလိုက်ပြီးနောက် မကြာမီ ထိုသို့တွေ့ဆုံခဲ့ခြင်းဖြစ်သည်။



ဆီးရီးယားယာယီသမ္မတ အာမက်အယ်လ်ရှာရာနှင့် တူရကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်။

ယခင်က ပိတ်ဆို့အရေးယူမှုအောက်တွင် တားမြစ်ထားသော လုပ်ရှားမှုများကို ပြန်လည်ခွင့်ပြုသည့် အထွေထွေလိုင်စင်ကို အမေရိကန်က ထုတ်ပေးခဲ့ကြောင်း မေ ၂၃ ရက်က ထုတ်ပြန်ခဲ့ပြီး ဆီးရီးယားတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် ဆီးရီးယားနိုင်ငံ အသွင်ကူးပြောင်းရေးအစိုးရနှင့် အရောင်းအဝယ်ပြုလုပ်ခွင့်များကို အမေရိကန်က ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်သည်။

သမ္မတအာဒိုဂန်က ဆီးရီးယားခေါင်းဆောင်၏ခရီးစဉ်ကို ကြိုဆိုခဲ့ပြီး အထူးသဖြင့် စွမ်းအင်နယ်ပယ်တွင် တူရကီယဲနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဟု ပြောကြားကြောင်း တူရကီယဲသမ္မတရုံးက ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

# ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် အီရန်ဒါရိုက်တာ ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကား အမြင့်ဆုံးဆုရရှိ

**ကိန်းစ် မေ ၂၅**
အီရန်ဒါရိုက်တာ ဂျာဖာပနာဟီရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားသည် (၇၈)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲတော်တွင် ရုပ်ရှင်ဇာတ်ကား ၂၂ ကား ဆန်ခါတင်ရွေးချယ်ခဲ့ပြီး မေ ၂၄ ရက်က ကျင်းပသည့် ဆုပေးပွဲတွင် ပနာဟီ၏ "It Was Just an Accident" ဇာတ်ကားဖြင့် ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆု (Palme d'Or) ကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆုဗူကီယူအီ ပါဝင်သရုပ်ဆောင်ထားသော ဂျပန်ဒါရိုက်တာ ဟာရာကာဝါချီ၏ "Renoir" ဇာတ်ကားသည် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သော်လည်း ဆုနှင့်လွဲချော်ခဲ့သည်။

ကိန်းစ်ရုပ်ရှင်ပွဲတော်သည် ဗင်းနစ်မြို့နှင့် ဘာလင်မြို့တို့တွင် ကျင်းပသည့် အဓိကကမ္ဘာ့ရုပ်ရှင်ပွဲတော် သုံးခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဆုကို ဆွတ်ခူးခဲ့သည့် အီရန်ဒါရိုက်တာ ဂျာဖာပနာဟီ။

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မိုးသီးမုန်တိုင်းကြောင့် ၁၉ ဦး သေဆုံးကာ ၉၀ ကျော် ဒဏ်ရာရ

**အစ္စလာမ္မာဘတ် မေ ၂၅**
ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တစ်ဝန်းရှိ ခရိုင်အများအပြားတွင် မေ ၂၄ ရက်က လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးမုန်တိုင်းများကြောင့် လူ ၁၉ ဦး သေဆုံးပြီး ၉၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၅ ရက်တွင် ပြောကြားသည်။

သေဆုံးရခြင်းမှာ အဓိကအားဖြင့် ပြည်နယ်အတွင်းရှိ အဆောက်အအုံများပြိုကျခြင်းနှင့် သစ်ပင်များ လဲကျခြင်းတို့ကြောင့်ဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသည်။

မုန်တိုင်းတိုက်ခတ်စဉ်အတွင်း သေဆုံးသူ အများအပြားသည် ရွှံ့အိမ်များ သို့မဟုတ် အားနည်းသော အဆောက်အအုံများတွင် နေထိုင်သူများဖြစ်ပြီး အဆောက်အအုံများပြိုကျမှုနှင့်အတူ သစ်ပင်လဲကျခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ ပြိုကျခြင်းနှင့် ဆိုလာပြားများ ပြိုကျပိမိခြင်းတို့ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရသည်။

**မော်တော်ကားလမ်းပိုင်းများကို ပိတ်ထား**

ထို့အတူ ပြည်နယ်တစ်ဝန်း ခရီးသွားလာမှုများကို သိသိသာသာထိခိုက်ခဲ့ပြီး မော်တော်ကားလမ်းပိုင်းများကို ပိတ်ထားခဲ့ရသကဲ့သို့ လာဟိုးတွင် လေကြောင်းပျံသန်းရေး လုပ်ငန်းများလည်း အခက်အခဲများဖြစ်ပေါ်ခဲ့ရသည်။

**ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် သတိပေး**

ပြည်သူများအား မေ ၂၆ ရက်အထိ ပြည်နယ်တစ်ဝန်း ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသအခြေအနေများကို သတိထားပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က သတိပေးနှိုးဆော်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ခုတင် ၄၀၀ ဆံ့ ကလေးအထူးကုဆေးရုံ စတင်ဆောက်လုပ်

**ကဘူးလ် မေ ၂၅**
အာဖဂန်နစ္စတန် အာဏာပိုင်များသည် နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ခုတင် ၄၀၀ ဆံ့ ကလေးအထူးကု ဆေးရုံကြီးကို စတင် ဆောက်လုပ်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ဘတ်ခ်ထာသတင်းဌာန၏ မေ ၂၄ ရက် အစီရင်ခံဖော်ပြချက်အရ သိရသည်။

ကလေးငယ်များ အတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ပြည်နယ်၏ မြို့တော်ဟီရတ်မြို့ရှိ ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အမေရိကန်ဒေါ်လာ ငါးသန်း အကုန်အကျခံကာ အဆိုပါကလေးအထူးကုဆေးရုံကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် စစ်မက်ဖြစ်ပွားမှုများနှင့် မကြာသေးမီက အာဖဂန်နစ္စတန်နိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ ရပ်ဆိုင်းလိုက်သည့် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်ကြောင့် ဆိုးရွားစွာထိခိုက်ခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးကဏ္ဍရှိ အာဖဂန်ပြည်သူများကို ဆက်လက်ကူညီပေးနိုင်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုထားသည်။ **ဆင်ဟွာ**

# ခါတွန်မြို့၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၅၀၀ ခန့်ရှိ

**ခါတွန် မေ ၂၅**
ဆူဒန်နိုင်ငံ မြို့တော်ခါတွန်၌ မေလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်မားလာပြီး ရောဂါကူးစက်ခံရသူ ၂၅၀၀ ရှိကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီး ဟိုင်သမ်မိုဟာမက်အီဘရာဟင်က မေ ၂၄ ရက်တွင်ပြောသည်။ မကြာသေးမီကာလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုနှုန်းသည် တစ်ပတ်လျှင် ပျမ်းမျှ ၆၀၀ မှ ၇၀၀ ကြားရှိကြောင်း၊ ပတ်ဝန်းကျင်ဆိုးရွားသည့် အခြေအနေများကြောင့် ရောဂါဖြစ်ပွားမှုနှုန်းမှာ များပြားလာရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ သန့်ရှင်းသော သောက်သုံးရေရရှိမှု အကန့်အသတ်ရှိခြင်းနှင့် နေရပ်ပြန်ဒေသခံများ များပြားလာသည့်အတွက် ပတ်ဝန်းကျင်သန့်ရှင်းမှုမှာ ဆိုးရွားလာရခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး အဓွန့်ရှည်စွာ တည်တံ့နိုင်ရေးနှင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မဟာမုနိဘုရားကြီးရှေ့တော်၌ ကျင်းပပြုလုပ်သော မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံတော်မှ "နဝမ"အကြိမ် ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော် ဩဝါဒါစရိယ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို တင်ပြလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကြသည်။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တကောသလ္လထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက် အတွင်းပိုင်းနှင့် အပြင်ပိုင်းကြွဲခိုင်မှုအခြေအနေများ၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ရှေးမူမပျက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဘုရားကြီး၏ ဘဏ္ဍာတော်တိုက်ကြံ့ခိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် ရန်မျိုးလုံရပ်ကွက်တို့ရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားများဖြင့် ဖြိုချရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း၊ ၇၃ လမ်းနှင့် ၃၄ လမ်း ရန်မျိုးလုံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Idea Mobile အဆောက်အအုံရှိ အပျက်အစီးများကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား "ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ" သို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့် ပစ္စည်းများကို ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ရေး အသေးစိတ်ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ရှိ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံရှိ လိုင်းအမှတ်(၁)မှ ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့် လိုင်းအမှတ်(၂)ကို ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆင်မင်းဘိလပ်မြေစက်ရုံနှင့် ALPHA ဘိလပ်မြေစက်ရုံတို့၌ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး၊ Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သာယာဝတီမြို့ မီးနင်းချောင်းဂိတ်အနီး၌ ပြည်မြို့မှ ချောက်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၁၈၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ်နှင့် အောင်လံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်၌ လိုင်စင်မဲ့ Pajero မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန် သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တနိုင်းမြို့ ကောင်ရွာကျေးရွာအနီး၌ မြစ်ကြီးနားမြို့မှ တနိုင်းမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၁ စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၁၉၆ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၄၀၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Nissan UD Truck ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၄၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၃၈၈၁၆)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၁၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၂၈၁၆ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၂၂၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၂၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် မြိတ်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၃၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၅၂၅၆၄၁၆) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက သိရသည်။

**သတင်းစဉ်**

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကျောင်းနေပျော်၍ ပညာလည်းတော် လူတော်လူကောင်း ဖြစ်ရမည်



ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

- ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆိုသဖြင့်...
- နိုင်ငံနဲ့ လူမျိုး ရှင်သန်ကြီးထွားနိုင်ဖို့ ပညာရေးဟာ ဝိညာဉ်ဖြစ်လို့ ...
- ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့... စတဲ့ အကြောင်းတရားတွေကြောင့် ကလေး၊ လူငယ်၊ လူကြီးတို့ဟာ မိမိတို့ရဲ့ အနာဂတ်ကို တည်ဆောက်လိုတဲ့အတွက် ပညာသင်ကြပါတယ်။

နှစ်စဉ်နှစ်တိုင်း ဇွန်လ ပထမပတ်မှာ အခြေခံပညာကျောင်းတွေနဲ့ တက္ကသိုလ်၊ ကောလိပ်တို့ ဖွင့်လှစ်တော့မယ်။ ဆရာ၊ ကျောင်းသား၊ ပညာရေးဝန်ထမ်းတွေဟာ ကျောင်းဖွင့်ဖို့ အားထုတ်နေတဲ့ကာလ၊ ပညာရေးပြက္ခဒိန်မှာ မေနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေး သီတင်းပတ်ရယ်လို့ အစီအစဉ်တွေရေးဆွဲကာ ဆရာ၊ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်ကြခြင်းဖြင့် မြို့၊ ရွာရဲ့ကျောင်းဟာ ဥယျာဉ်ဖြစ်လာပါတော့တယ်။

## ကောင်းအောင်ကြိုးစား

ကလေးငယ်ဘဝမှာ လက်ဦးဆရာ ပုဗ္ဗာစရိယ မိနဲ့ဖက တာဝန်ယူကြပါတယ်။ ပညာကို မွေးကင်းစအရွယ် မိဘနှစ်ပါးနဲ့ ဆက်သွယ်ပြောဆို သိနားလည်နိုင်တဲ့ ကလေးဘဝက စတင်ပါတယ်။ ကလေးတွေဟာ ပုံပြင်တွေ၊ သာယာနာပျော်ဖွယ် တေးသီချင်းတွေကို ကြိုက်နှစ်သက်တတ်ကြပါတယ်။ ပန်းချီကားချပ်ပါတဲ့ ပုံပြင်စာအုပ်လေးတွေကို ဖတ်ပြရင်းနဲ့ ကလေးဟာ ကျောင်းတက်ချင်လာပါတော့တယ်။ မိဘတွေက ကျောင်းသင်ပညာရေးစနစ်ထံ အပ်နှံပါတယ်။ နိုင်ငံသားတစ်ဦး စာတတ်မြောက်ဖို့၊ ပညာတတ်ဖို့ တော်ဖို့၊ လိမ္မာဖို့ ကျောင်းကိုပို့ ဆရာတို့လက် အပ်နှံတာဖြစ်ပါတယ်။

## ဆရာတို့၏ မှာကြားချက်

အရွယ်လေးရလာတဲ့အခါ ငယ်စဉ်က ကိုယ်ပညာရည်နို့သောက်စို့ခဲ့တဲ့ကျောင်းကို ပြန်လည်သတိရကြလေ့ရှိပါတယ်။ ကျောင်းကို ဝင်လိုက်တာနဲ့ ပန်းအလှပင်လေးတွေကို မြင်တွေ့ရ၊ သစ်ပင်ကြီးတွေကို တွေ့လိုက်ရ၊ စိမ်းလန်းစိုပြည် အမှိုက်ကင်းစင်နေတော့ စိတ်ကြည်လင်ရပါတယ်။ စာသင်ချိန်မစမီ နိုင်ငံတော်သီချင်းပြိုင်တူသီဆို၊ နိုင်ငံတော်အလံကို အလေးပြုခဲ့တာတွေကို သတိရလျက်ရှိနေပါတယ်။ ဆရာကြီးတစ်ဦး၏ စည်းကမ်းရှိဖို့၊ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြဖို့၊ လေးစားဖို့၊ ယဉ်ကျေးလိမ္မာဖို့၊ အထိရောက်ဆုံးမှာကြားချက်ကတော့ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားဖို့၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားဖို့နဲ့ မိမိတိုင်းပြည်ကောင်းအောင် ကြိုးစားဖို့ ဆရာတို့ရဲ့မှာကြားချက်တွေကို ယနေ့တိုင် မမေ့နိုင်ဖြစ်နေရပါတယ်။

## ကျောင်းသင်ပညာရေး

ကျောင်းသင်ပညာရေးစနစ်က လူငယ်တွေအတွက် လူ့အသိုင်းအဝိုင်းထဲမှာ ထိုလူငယ်ရဲ့ လူမှုဆက်ဆံပေါင်းသင်းရေးအတွက် ဘယ်စိတ်ဓာတ်နဲ့ ဘယ်တန်ဖိုးတွေထားရမယ်ဆိုတဲ့ စာရိတ္တ၊ လူမှုဆက်ဆံရေးအပိုင်းတွေကို ကျောင်းကတာဝန်ယူပါတယ်။ ကျောင်းဟာ သူ့ကို အရွယ်နဲ့ကိုက်ညီတဲ့ သင်ခန်းစာတွေသင်ရင်း စာရိတ္တပိုင်းဖွံ့ဖြိုးအောင် ဆရာတွေက တဖြည်းဖြည်းချင်းသင်ကြားပေးပါတယ်။ ကျောင်းနေပျော်၍ စာတော်အောင်၊ စိတ်စေတနာကောင်းနဲ့ လူကောင်းတွေဖြစ်အောင် လူငယ်တွေက ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ပညာရေးလို့ပြောရင် ဘယ်မိဘကိုမေးမေး သူတို့ကျောင်းကောင်းတာကို ဂုဏ်ယူပါတယ်။ အထွတ်အထိပ် ဗဟိုချက်မမှာထားတဲ့ကျောင်းကို ရပ်ရွာက အားကိုးလေးစားရတဲ့ နေရာဌာနတစ်ခုဖြစ်အောင် ကလေးတွေရဲ့ပညာရည်မြင့်မားဖို့၊ ယဉ်ကျေးသိမ်မွေ့ဖို့၊ ကျွမ်းကျင်မှုအဆင့်အတန်းရှိတဲ့နိုင်ငံသားဖြစ်ဖို့၊ ဥပဒေနဲ့စည်းကမ်းတွေ လေးစားလိုက်နာဖို့၊ နိုင်ငံကလိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာဖို့ ကျောင်းကို ရောက်လာကြတာဖြစ်ပါတယ်။ ရှေးခေတ်လူသားဟာ ကြမ်းတမ်းရိုင်းစိုင်းတဲ့ဘဝက ရုန်းထွက်ခဲ့တဲ့ ယဉ်ကျေးမှုအဆင့် လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းဖို့ စွမ်းဆောင်နိုင်တဲ့နေရာဟာ ကျောင်းပဲဖြစ်နေပါတယ်။

ကျောင်းတွေမှာ ပြဋ္ဌာန်းစာအုပ်ထဲက စာလောက်ကို တတ်သွားဖို့၊ လေ့ကျင့်ပေးဖို့မဟုတ်။ ဘာသာရပ်စုံမှ ဗဟုသုတအသိ (Knowledge) သင်ခန်းစာတွေကို ကလေးတွေရဲ့ဦးနှောက်ထဲ မချိမဆံ့ထည့်သွင်းဖို့မဟုတ်၊ ကိုယ်တိုင်လိုချင်စိတ်နဲ့ သင်ယူကြမှဖြစ်တယ်။ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကို သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲတွေကို ကိုယ်တိုင်ဖြေရှင်းလိုစိတ်၊ ပညာလိုချင်တဲ့စိတ်ရှိအောင် ဖန်တီးပေးရပါမယ်။ **“အားလုံးအတွက် ပညာရေး၊ အားလုံးအတွက် သိပ္ပံ” “Education for all, Science for all”** ဆိုပြီး တစ်နိုင်ငံလုံး အင်တိုက်အားတိုက် မောင်းနှင်ရပါလိမ့်မယ်။

## ပညာရေးကိစ္စ

ပညာရေးကိစ္စဟာ ပညာရေးဝန်ထမ်းတွေနဲ့ချည်းမရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ ပညာရေးနဲ့ လူ့အဖွဲ့အစည်းဟာ အခက်အခဲကြားက လက်ချင်းချိတ်ပြီး အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရေးနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) မှာ နိုင်ငံသားတိုင်း အလယ်တန်းအဆင့် (KG+9) ပြီးဆုံးတဲ့အထိ အခမဲ့ပညာသင်ယူနိုင်ရေး၊ တစ်သက်တာသင်ယူမှု၊ တစ်နိုင်ငံလုံးအသိပညာ၊ သိပ္ပံပညာတိုးတက်မြင့်မားရေးကို အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ပညာတတ်မှ ဝင်ဆံ့နိုင်မယ်၊ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်။ ဒီအတွက်ကျောင်းတွေ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ၂၁ ရာစုမှာ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာမလိုတော့ပြီ။

## မြန်မာ့ပညာရေး မျှော်မှန်းချက်

**“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”** ဆိုတာ ပညာရေးရဲ့ပန်းတိုင်။ မြန်မာ့ပညာရေး မျှော်မှန်းချက်က **“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန်”** ဖြစ်တယ်။ အသိပညာ၊ အတတ်ပညာနဲ့ ၂၁ ရာစုမှာ ဝင်ဆံ့နိုင်အောင်၊ ရပ်တည်နိုင်အောင်၊ ရှင်သန်ကြီးထွားနိုင်အောင်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အမြဲတမ်းသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ကျောင်းတွေ၊ တက္ကသိုလ်တွေ ဖွင့်လှစ်ထားတာဖြစ်တယ်။ ကျောင်းဆိုတဲ့အဓိပ္ပာယ်ဟာ ပြဋ္ဌာန်းစာအုပ်ထဲကစာကို သင်ပြီးတော့ အမှတ်ကောင်းကောင်းနဲ့ ကျောင်းက အောင်သွားဖို့မဟုတ်၊ တက္ကသိုလ်တက်ဖို့ချည်းမဟုတ်။ မြန်မာတို့အတွက် အထူးလိုအပ်နေတဲ့ နယ်ပယ်တွေမှာ တာဝန်ထမ်းဆောင်မယ့် လူ့စွမ်းအားဖြစ်ဖို့ အားထုတ်ကြရပါမယ်။

## ဆရာသည်

- ဆရာဟာ အသိပညာကိုမြှင့်တင်သူ၊ ကျွမ်းကျင်မှုတစ်ခုခုကို မြှင့်တင်ပေးနိုင်သူ၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) လုပ်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးသူ၊ ဘဝခရီးတစ်လျှောက်မှာ ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ဖို့ စာပေကျမ်းဂန်များ၊ သိပ္ပံနဲ့ လူမှုရေးသိပ္ပံပညာရပ်များကို သင်ကြားပို့ချရင်း-
- အမှားနဲ့ အမှန်ခွဲခြားနိုင်ဖို့၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့ အကျိုးကို မှန်ကန်စွာနားလည်ပြီး အမှောင်တွင်းက လွတ်မြောက်အောင် အမှောင်ထုအတွင်းမရောက်အောင် ဆောင်ရွက်ပေးသူတွေဟာ ဆရာကောင်းသမားကောင်းတွေဖြစ်တယ်။

ဆရာဟာ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်သူ၊ တပည့်တွေရဲ့ဘဝနဲ့ လောကရဲ့အလှကိုဆင်သူ၊ သောကကိုဖြေဖျောက်ပေးသူတွေဖြစ်လို့ လူ့အဖွဲ့အစည်းရဲ့ခေါင်းဆောင်လို့ တင်စားကြပါတယ်။ လူတွေအမှီသဟဲပြုရတဲ့ သဘာဝပတ်ဝန်းကျင် ရေ၊ မြေ၊ တောတောင်ကို အလှဆင်ပေးနေရမယ်။ ကလေးကအစ မိဘတွေအထိ သတိရှိအောင် အသိပေးနေရမယ်။ ဒါဆိုရင် ဆရာ့ကဏ္ဍသစ်ဟာ ပြဋ္ဌာန်းစာအုပ်ကိုသင်ရုံ၊ စာမေးပွဲအောင်ရုံ၊ နောက်တစ်တန်းတက်ရုံ အဆင့်ထက် ထူးခြားမြင့်မားပြီး ဆရာဟာ လူထုရဲ့ခေါင်းဆောင်ဆိုတဲ့ ရုပ်လုံးပေါ်လာပါလိမ့်မယ်။

၂၁ ရာစု ပညာရေးမှာ ဆရာတွေရဲ့ တာဝန်တွေဟာလည်း ပိုကျယ်ဝန်း နက်ရှိုင်းလာတာကြောင့် ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာ ရောက်ရှိနေပါတယ်။ အခြေခံပညာနဲ့ အဆင့်မြင့်ပညာကဏ္ဍတွေမှာ ပညာရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ သင်ကြားသင်ယူမှု၊ ပရောဂျက်နဲ့ သုတေသနနယ်ပယ်ထိ၊ တပည့်တွေကောင်းလို့ တပည့်တွေတော်တဲ့ မျိုးဆက်သစ်လူငယ်၊ လူကြီးတွေ၊ လူပုံအလယ် တင့်တယ်တဲ့ပုဂ္ဂိုလ်၊ ပညာတတ်တွေအဖြစ် မွေးထုတ်နေကြသူက ဆရာတွေဖြစ်ပါတယ်။

**ဆရာဟာ အမြဲတမ်းဆန်းသစ်တဲ့ အယူအဆရှိနေရမယ်။ အတွေးအခေါ်အယူအဆ လုံးဝရှင်သန်နေရမယ်။ ဆရာတွေဟာ ပညာရေး မျှော်မှန်းပန်းတိုင်ရောက်ဖို့ လမ်းညွှန်ရာမှာ ကြိုးစားပမ်းစားနဲ့ ပညာတွေပေးလို့ လူထုရဲ့အားကိုးရာဖြစ်ပါတယ်။ ဆရာရဲ့တွေးခေါ်ပုံ၊ ပြောပုံဆိုပုံ၊ ပြုမူပုံတွေဟာ ကျောင်းသားတွေဆီ စီးဆင်းပါတယ်။ ကျောင်းသားဆီကို ရောက်သွားတာကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိမူရပါမယ်။**

ဒါရိုက်တာဟာ ဆရာပဲ။ ဆရာဟာ Teacher (သင်ပြသူ)၊ စည်းရုံးသူ (Organizer)၊ ခေါင်းဆောင် (Leader)ပါပဲ။ ကျောင်းပရဝဏ်ထဲ ရောက်လာတဲ့ ကလေးတွေကို မတတ်ရကောင်းလား၊ နားမလည်ရကောင်းလားဆိုပြီး စားပွဲကို ကြိမ်လုံးနဲ့တဖြန်းဖြန်းရိုက်ပြီး ကလေးကို အုပ်ချုပ်တာလောက်အရည်အသွေးမျိုးရှိတဲ့ ဆရာနဲ့ မြန်မာ့ပညာရေး မျှော်မှန်းချက်ကိုရောက်အောင် သွားလို့မရဘူးဆိုတာ နားလည်ကြရပါလိမ့်မယ်။

ဆရာတွေဟာ လူငယ်လူရွယ်၊ လူရည်ချွန်၊ လူရည်မွန်တွေဖြစ်အောင် အားထုတ်ကြရပါလိမ့်မယ်။ ပညာသင်ကြားမှုတစ်ခုလုံးရဲ့ ပစ်မှတ်က ကျောင်းသားလူငယ်တွေ လူချွန်လူကောင်းတွေဖြစ်သွားဖို့၊ ပါရမီကြောင့် မအောင်မြင်ရင်တောင်မှ စိတ်ထားကောင်းမွန်တဲ့ ကလေးဘဝနဲ့ဖြစ်သွားဖို့ ကြိုးစားရပါလိမ့်မယ်။

မှန်ကန်တဲ့လမ်းတွေကို ရွေးချယ်တတ်သူ၊ စည်းရုံးလှုပ်ရှားတတ်သူ၊ အစဉ်နိုးကြားတက်ကြွသူ၊ ဦးဆောင်မှုပေးတတ်သူတွေဖြစ်လာဖို့ အလွန်အရေးကြီးပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းကြီးကို သင်ယူနေတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့၊ ကျွမ်းကျင်မှုမြှင့်တင်ဖို့၊ ပညာရည်မြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ရဲ့ရေရှည်အကျိုးစီးပွားအတွက် ဘက်ပေါင်းစုံက အားထုတ်နေကြရပါမယ်။



ရန်ကုန်မြို့ အခြေခံပညာကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မေ ၂၂ ရက်က ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၇ သို့*

**“မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာဖြစ်ဖြစ်ရှိနေတဲ့ကျောင်း၊ တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်တဲ့ ဝန်းကျင်ကောင်းဖြစ်တဲ့ထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့၊ ကျွမ်းကျင်မှုအတတ်အညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ ဆရာရဲ့ ပညာ အရည်အသွေး၊ သဘောထား၊ အမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ တောင်ပေါ်မြေပြန့် မခွဲခြားပါဘူး။ ဘယ်ဒေသက ကလေးသူငယ်ဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့လိုလားရပါမယ်။ တောင်ပေါ်မြေပြန့် မရှိတော့ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ညီညွတ်မျှတမှုအတွက် နိုင်ငံသားတွေအားလုံးရဲ့ အသိဉာဏ် ပညာ၊ စိတ်ဓာတ်နဲ့စည်းကမ်းကောင်းမွန်ဖို့၊ ပညာရေးကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာဖြစ်ဖြစ်ရှိနေတဲ့ ကျောင်း၊ တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစု သင်ယူလေ့လာနိုင်တဲ့ ဝန်းကျင်ကောင်း ဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့၊ ကျွမ်းကျင်မှုအတတ်ပညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ ဆရာရဲ့ပညာအရည်အသွေး၊ သဘောထား၊ အမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ တောင်ပေါ်၊ မြေပြန့် မခွဲခြားပါဘူး။ ဘယ်ဒေသက ကလေးသူငယ် ဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့ လိုလားရပါမယ်။ တောင်ပေါ်မြေပြန့် မရှိတော့ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ညီညွတ်မျှတမှု အတွက် နိုင်ငံသားတွေအားလုံးရဲ့ အသိဉာဏ်ပညာ၊ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ဖို့ ပညာရေးကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်။

ပညာခေတ်မှာ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ၊ ဗလငါးတန် ပြည့်ဝသူတို့ကသာ တိုင်းပြည်အပြောင်းအလဲကို ပြုလုပ်နိုင်ပါလိမ့်မယ်။ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်တွေ ပေါ်ကြွယ်ဝရေးဖြစ်ပါတယ်။

**ဥပမိရုပ်ကောင်းဖို့**

ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဥပမိရုပ်ကောင်းဖို့ အားထုတ်ရပါလိမ့်မယ်။ မိမိကျောင်း၊ တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ စာကြည့်တိုက်နဲ့ သုတေသနစင်တာတွေ ပေါ်ပေါက်လာရေးတို့ဟာ ရုပ်ပိုင်းဆိုင်ရာ ဥပမိရုပ်တွေဖြစ်လို့ ပျော်ရွှင်အေးချမ်းမှုကို ဖြည့်ဆည်းပေးနိုင်လိမ့်မယ်။ ဒီမျှော်မှန်းချက်တွေရဖို့ ပညာရေးအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ဗဟိုချက်မက ဆရာဖြစ်ပါတယ်။ ဆရာဟာ အလွန်အားထုတ်ပေးရမယ့် နေရာမှာ ရောက်ရှိနေပါတယ်။

**စာမေးပွဲက သိပ်လွှမ်းမိုး**

အခုဆိုရင် ငယ်စဉ်ကတည်းက ကျောင်းနေအရွယ်ကလေးတွေဟာ စာမေးပွဲရယ်၊ အမှတ်ရယ်၊ ဂုဏ်ထူးရယ် ဒီနောက်ကိုပဲ သွားနေခဲ့ကြရတယ်။ စာမေးပွဲက သိပ်လွှမ်းမိုးခဲ့တယ်။ ကလေးတွေကို ဂုဏ်ထူးနဲ့ ခြိမ်းခြောက်တယ်၊ အမှတ်နဲ့ခြိမ်းခြောက်တယ်။ ဒီတော့ ကလေးတွေဟာ ဘယ်ဘက်ကို ရောက်သွားသလဲဆိုရင် အလွတ်ကျက်တဲ့ဘက်ကို ရောက်သွားတဲ့အတွက် တီထွင်ကြံဆမှုဘက်မှာ အားလျော့မယ်၊ သူ့ရဲ့ တီထွင်ကြံဆမှုတွေမှာ လျော့နည်းသွားမှာပဲ။ ကမ္ဘာကြီးနဲ့ရင်ပေါင်တန်းဖို့အတွက် ဘယ်လိုကလေးမျိုးဖြစ်ချင်တာလဲ၊ ပြဋ္ဌာန်းစာအုပ်ထဲကဟာတွေကို အလွတ်ကျက်ရသွားတဲ့ကလေးမျိုး၊ အလွတ်ကျက်ကို အားပေးတဲ့မေးခွန်းတွေနဲ့ အမှတ်တွေပေးပြီးတော့ တွန်းပို့ခြင်းခံရတဲ့ ကလေးမျိုးရချင်တာလား။ ဒီနေ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့ ကလေးမျိုးကို မွေးထုတ်မလား။

စာမေးပွဲတွေမှာ ဂုဏ်ထူးဆွတ်ဖို့သာ အားထုတ်ကြရင် ကျောင်းနေရတာ၊ ကျောင်းတက်ရတာ ပျော်ရွှင်စရာကောင်းမယ်မထင်လေနဲ့။ စာပေ၊ ဂီတ အနုသုခုမဆိုတာတွေလည်း ဝါသနာအရ လိုက်စားကြရင်း၊ အားကစားလုပ်ကြရင်း သူငယ်ချင်းကောင်းတွေဖြစ်လိမ့်မယ်။ မိတ္တဗလဋ္ဌီကာကို နားလည်လာပါလိမ့်မယ်။ ဗလငါးတန်ဖွံ့ဖြိုးလာပါလိမ့်မယ်။ ဒီလိုဆိုရင် စာလည်းတော်မယ်၊ ကျောင်းလည်းပျော်လာပါမယ်။ ကိုယ်နဲ့အနီးစပ်ဆုံး ပတ်ဝန်းကျင်ကို အကျိုးပြုလိုတဲ့ စိတ်နေစိတ်ထားထွန်းကားလာပါလိမ့်မယ်။ ကိုယ့်မြေ ကိုယ့်ရေနဲ့ ကိုယ့်တောင်တန်းဒေသ ဝေးလံခေါင်သီတဲ့ဒေသတွေဟာလည်း သဟဇာတမျှမျှတတ တစ်ပြေးညီ ဖွံ့ဖြိုးလာပါလိမ့်မယ်။

**ပတ်ဝန်းကျင်ကို အကျိုးပြုလိုသည့်စိတ်**

ဆရာတွေထံကနေ သင်ယူစရာတွေဟာ မကုန်မခန်းနိုင်စရာတွေ ရှိပါတယ်။ မြန်မာတို့ ဆင်းရဲတွင်းကရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက် လောင်းသင့်သလဲ၊ ဓာတ်မြေဩဇာ ဘယ်လောက်ထည့်ရမလဲဆိုတာ သိနိုင်တဲ့ပညာလိုပါလိမ့်မယ်။ ပိုးသတ်ဆေး မလွန်မကျွံအောင် ထည့်တတ်ရပါလိမ့်မယ်။ သမားရိုးကျနည်းနဲ့ ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရဖြစ်ထွန်းနိုင်မှာမဟုတ်။ လုပ်ရိုးလုပ်စဉ်အတိုင်း၊ မိရိုးဖလာအတိုင်း လုပ်လို့မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပဲ။ ပညာလုပ်သားအင်အား ကျွမ်းကျင်မှုတစ်ခုဟာ လူတိုင်း၊ မိသားစုဝင်တိုင်း လိုအပ်နေပြီဆိုတာ အလွန်ထင်ရှားပါတယ်။

**ကျောင်းသားတာဝန်**

ကျောင်းသားကလည်း ကိုယ့်အတွက် အကျိုးရှိမယ့် အကြောင်းအရာတွေ ရှာဖွေတတ်ရပါမယ်။ ခွဲထုတ်တတ်ရပါမယ်။ အတ္တ၊ ပရမ္မတမှုတွေ၊ ကိုယ်ချင်းစာစိတ်၊ ကရုဏာစိတ်တွေဖြစ်လာပုံတွေကိုကြည့်တတ်ရမယ်။ စိတ်ပိုင်းဆိုင်ရာ ဥပမိရုပ်တွေကတော့ ကိုယ့်စိတ်အကြောင်း၊ ကိုယ့်အကြောင်းသိနိုင်ဖို့ ပြဋ္ဌာန်းထားတဲ့ စာအုပ်စာပေတွေကို စာမေးပွဲအောင်ရုံသက်သက်မဟုတ်၊ ကိုယ့်ဘဝအတွက် အကျိုးဖြစ်ထွန်းဖွယ်ပဲလို့ စိတ်အစဉ်မှာခွဲခြားထားပြီး တစ်သက်တာဆည်းပူးနေကြရလိမ့်မယ်။ ဘာကြောင့်ပါလဲ။ စာပေဆိုတာ လေ့လာလေ၊ ကြိမ်ဖန်များစွာ ဖတ်ရှုလေ တန်ဖိုးရှိမှန်း သိလာလို့ပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်တိုင်းမှာ သင်ခန်းစာတွေ အမျိုးမျိုးပေးတတ်ပါတယ်။ ဖတ်လေတိုင်း၊ လေ့လာတိုင်း နားလည်လေတော့ ကျောင်းနေရတာ ပျော်စရာဖြစ်လာပါတယ်။

တပည့်တွေဟာ ဆုံးမနာယူမှုရှိကြရပါမယ်။ ညီညာထကြွ၊ တလေးတစားကြိုဆိုခြင်း၊ သင်ယူခြင်း၊ တွေးတောကြံဆနိုင်ဖို့ ဆရာတို့ပေးတဲ့ သင်ခန်းစာဆိုင်ရာတွေရွတ်ဖတ်ခြင်း၊ အမေးပုစ္ဆာတွေကို ဖြေဆိုခြင်းတို့ကို လုပ်ကြခြင်းဖြင့် အဆင့်တိုင်းအဆင့်တိုင်း၌ တတ်မြောက်မှုတစ်ခုကို ရရှိသွားကြပေလိမ့်မယ်။ ကျောင်းသားတစ်ဦးဟာ တန်ဖိုးရှိတဲ့ အချိန်တိုအတွင်းမှာ သင်ယူစရာတွေသင်ယူလိုက်ရင် ဘဝခရီးကို စိတ်ချယုံကြည်စွာ လျှောက်နိုင်မှာဖြစ်ပါတယ်။

လူမှုဘဝမှာကြုံတွေ့ရတတ်တဲ့ ဥပဒေပြုဆိုင်ရာတွေလည်း လေ့လာဆည်းပူးကြရလိမ့်မယ်။ အိမ်တွင်းမှု စီးပွားရေးပညာတွေ၊ အဆင့်မြင့်စီးပွားရေးအတတ်ပညာတွေ၊ ဘဏ်လုပ်ငန်းကြီးတွေ၊ ကုမ္ပဏီကြီးတွေမှာ ခေတ်မီနည်းပညာတွေသုံးပြီး အလုပ်လုပ်နိုင်အောင် တက္ကသိုလ်၊ ကောလိပ်တွေမှာ ပညာပြီးဆုံးအောင်သင်ယူကြရလိမ့်မယ်။ ပညာသင်ယူလိုစိတ်၊ ပညာတတ်လိုစိတ်ရှိဖို့ပါပဲ။ ကျွမ်းကျင်မှုကိုရရှိမယ့် သင်ယူမှုကို တိုးမြှင့်ရပါလိမ့်မယ်။ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူတွေကလည်း ယုံကြည်မှုအပြည့်နဲ့ ရှေ့သို့ချီတက်ကြရလိမ့်မယ်။

ကောလိပ်၊ တက္ကသိုလ်တွေဟာ လူငယ်တွေကို ပညာရပ်တွေ၊ လူမှုဆက်ဆံရေး၊ နိုင်ငံတော်ဆိုတဲ့ အသိတွေ၊ နိုင်ငံသားတစ်ယောက်ရဲ့ စည်းကမ်းတွေကို ထပ်လောင်းပြီးသင်ပေးတဲ့ အဖွဲ့အစည်းတွေပါပဲ။ ဘယ်ဒေသမှာဖြစ်ဖြစ် ရှိနေတဲ့ကျောင်း၊ တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ Learning Environment ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့ထိ မျှော်မှန်းပြီး ဆောင်ရွက်ဖို့ ဖြစ်လာပါတယ်။ သင်ရိုးညွှန်းတမ်းတွေဟာ ကျေနပ်အားရဖွယ် ဖတ်ချင်စဖွယ်ဖြစ်နေမယ်၊ သင်ကြားပို့ချသူ ဆရာအပေါင်းတို့ဟာလည်း ပြင်ဆင်မှုနဲ့ကြိုးကြပ်မှု၊ အကဲခတ်စစ်ဆေးမှုတွေဟာ ကောင်းနေပြီဆိုတဲ့အနေအထားရောက်ပြီမို့ ကျောင်းနေရတာ ပျော်သထက်ပျော်မယ်၊ စာလည်း တော်သထက်တော်လာပါလိမ့်မယ်။

**တက္ကသိုလ်များ၏ အနာဂတ်အခန်းကဏ္ဍ**

မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင်မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့် ခရီးရှည်ဖြစ်ပါတယ်။ ဒီနေ့ လူ့အဖွဲ့အစည်း၊ ကုမ္ပဏီအဖွဲ့အစည်း၊ လူတန်းစားအလွှာအသီးသီးရဲ့ လိုအပ်ချက်တစ်ခုက စဉ်းစားဆင်ခြင်တတ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပါတယ်။

ကမ္ဘာ့စစ်ပွဲကြီးနှစ်ခုရဲ့ အနိဋ္ဌာရုံကိုကြည့်ပြီး နောင်သောအခါ တတိယကမ္ဘာစစ်ပွဲကြီးမဖြစ်အောင်၊ လူမှုစီးပွားရေးပြာကျသွားစေတဲ့ စစ်ပွဲကြီးတွေ၊ အကြမ်းဖက်မှုစစ်ပွဲတွေ မဖြစ်ပွားအောင်၊ အကြမ်းဖက်နိုင်ထက်စီးနင်းဖြစ်စေတဲ့ တောရိုင်းတိရစ္ဆာန်တို့ရဲ့ဥပဒေသနဲ့ လောကကြီးအားလွှမ်းမိုးမှုမရှိအောင်လည်း သတိနဲ့ယှဉ်ပြီး လေ့လာကြရလိမ့်မယ်။ အနာဂတ်မှာ သင်ယူလေ့လာမှုအဖွဲ့အစည်းဟာ ကြီးမားကျယ်ပြန့်တာကတစ်ကြောင်း၊ ဒေသမရွေး သင်ယူမှုအခွင့်အလမ်းပေးနိုင်မယ့် ပညာရေးစနစ်ကို တည်ထောင်နေတာကတစ်ကြောင်းမို့ တက္ကသိုလ်တွေရဲ့အခန်းကဏ္ဍဟာ လူ့ဘောင်က လိုအပ်တဲ့ပညာရပ်တွေကိုပေးနိုင်မယ့် အနေအထားဖြစ်အောင် အစဉ်တစိုက်ကြိုးပမ်းနေရလို့ပဲဖြစ်ပါတယ်။ မြန်မာ့ပညာရေးက ထုတ်လုပ်ပေးနေတဲ့လူ့စွမ်းအားအရင်းအမြစ်ဟာ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးရာမှာ တန်ဖိုးအရှိဆုံးအမှတ်ကို ရောက်ဖို့စူးစိုက်ရပါမယ်။ ဒီလမ်းခရီးမှာ အနှောင့်အယှက် အခက်အခဲနဲ့ကြုံမယ်ဆိုရင် ခရီးဟာပိုကြာနိုင်ပါတယ်။

**တီထွင်ဆန်းသစ်နိုင်သောပညာ**

မြေကြီးမှ ရွှေသီးဖို့၊ အဘက်ဘက်မှပြည့်စုံဖို့ဆိုရင် သူ့အလိုလိုဖြစ်လာမှာမဟုတ်ပါ။ မိမိမှာရှိတဲ့ ကိုယ်ပိုင်အရည်အချင်း လေးမျိုးဖြစ်တဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ္တနဲ့ ဝိမံသ (ပညာ) တို့ကို အခြေခံရပါမယ်။ ပညာရေးရဲ့အနှစ်သာရဟာ ပြည်သူတွေကို ဘဝသစ်ဖန်တီးနိုင်ရေးပဲဖြစ်ပါတယ်။ ကိုယ့်တိုင်းရင်းသားအပေါင်းက တညီတညွတ်တည်း ကိုယ့်အားကိုယ်ကိုးကြရမယ်။ သိပ္ပံပညာရပ်ထွန်းကားရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးတွေကအစ တီထွင်ဖန်တီးဆန်းသစ်နိုင်တဲ့ ပညာရပ်တွေကို တက္ကသိုလ်မှာ ရှာဖွေကြပြီး ကိုယ့်ဒေသလိုအပ်ချက်ကို ဦးစွာဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ တကယ့်ကို မြင့်မြင့်မားမားပညာတတ်မှု၊ ကျွမ်းကျင်မှု၊ ဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကသာ ဆက်လက်ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့ဘောင်ရဲ့ ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ရေးရှုနိုင်မှာဖြစ်ပါတယ်။ ဘဝသစ်မှာ ကိုယ်၊စိတ် နှစ်ဖြာအေးချမ်းဖို့၊ အကြမ်းမဖက်တဲ့လူ့အသိုင်းအဝိုင်း တည်ထောင်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်ဟာ တိုင်းပြည်ရဲ့ကံကြမ္မာကို ဖန်တီးဖော်ဆောင်ပါလိမ့်မယ်။

**ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။**

- ၂၁ ရာစုရဲ့ အနာဂတ်ကိုရင်ဆိုင်ဖို့ ခေတ်အဆက်ဆက်က ပြည်သူတွေထက် ကျွန်တော်တို့ရဲ့ပညာဉာဏ်၊ ဉာဏ်ရည်ဉာဏ်သွေးအမြော်အမြင်တွေ ပိုလိုအပ်ပါလိမ့်မယ်။ နှလုံးသား အရည်အသွေးတွေပိုလိုအပ်ပါလိမ့်မယ်။ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ပညာရေးခရီးကိုဆက်ကြရာမှာ မျိုးဆက်သစ် လူငယ်လူရွယ်တွေဟာ ကျောင်းနေပျော်၍ စာတော်အောင်နဲ့ လူကောင်းလူတော်တွေ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ။

**“အခုဆိုရင် ငယ်စဉ်ကတည်းက ကျောင်းနေအရွယ်ကလေးတွေဟာ စာမေးပွဲရယ်၊ အမှတ်ရယ်၊ ဂုဏ်ထူးရယ် ဒီနောက်ကိုပဲ သွားနေခဲ့ကြရတယ်။ စာမေးပွဲက သိပ်လွှမ်းမိုးခဲ့တယ်၊ ကလေးတွေကို ဂုဏ်ထူးနဲ့ ခြိမ်းခြောက်တယ်၊ အမှတ်နဲ့ခြိမ်းခြောက်တယ်။ ဒီတော့ ကလေးတွေဟာ ဘယ်ဘက်ကို ရောက်သွားသလဲဆိုရင် အလွတ်ကျက်တဲ့ဘက်ကို ရောက်သွားတဲ့အတွက် တီထွင်ကြံဆမှုဘက်မှာ အားလျော့မယ်၊ သူ့ရဲ့ တီထွင်ကြံဆမှုတွေမှာ လျော့နည်းသွားမှာပဲ။ ကမ္ဘာကြီးနဲ့ရင်ပေါင်တန်းဖို့အတွက် ဘယ်လိုကလေးမျိုး ဖြစ်ချင်တာလဲ၊ ပြဋ္ဌာန်းစာအုပ်ထဲကဟာတွေကို အလွတ်ကျက်ရသွားတဲ့ကလေးမျိုး၊ အလွတ်ကျက်ကို အားပေးတဲ့မေးခွန်းတွေနဲ့ အမှတ်တွေပေးပြီးတော့ တွန်းပို့ခြင်းခံရတဲ့ ကလေးမျိုးရချင်တာလား။ ဒီနေ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့ ကလေးမျိုးကို မွေးထုတ်မလား”**

## လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် စာကြည့်တိုက် ကော်မတီဝင်များတွေ့ဆုံ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် မြောက်ပိုင်းခရိုင် တာဝန်ခံနှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်များ တွေ့ဆုံပွဲကို မေ ၂၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စာကြည့်တိုက် ကော်မတီဝင်များက လိုအပ်ချက်များကို ဆွေးနွေးကြပြီး ခရိုင်တာဝန်ခံက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ဥာဏ်လင်း**

## ပဲခူးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ပဲခူးနှင့် တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိဦးသူရိန်ထွဋ်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ စနစ်တကျထားရှိ အသုံးပြုခြင်းဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူ ၇၈ ဦးအတွက် ထောက်ပံ့ငွေ ၂၇ သိန်း တစ်သောင်းကို ပေးအပ်သည်။



အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၇၈ ဦးဖြင့် မေ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ခရမ်းမြို့နယ်သို့ သန်လျင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ကွင်းဆင်းကုသ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်နေသော "မရှိ၍ မလင်းသူ မရှိစေရ"အစီအစဉ်ဖြင့် အမြင်အာရုံအားနည်းသူများကို စမ်းသပ်ကုသပေးခြင်းနှင့် ပြည်သူ့ဆေးရုံကြီး သန်လျင်မြို့ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းဆေးကုသခြင်း အစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။



အဆိုပါ အစီအစဉ်တွင် သန်လျင် ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများက မျက်စိလူနာ ၁၈၄ ဦး ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အတွင်းတိမ် ခွဲစိတ်ရန် လိုအပ်သော လူနာတစ်ဦးကို ခွဲစိတ်ကုသနိုင်ရေး လွှဲပြောင်းဆောင်ရွက်ပေးခဲ့ကာ ပြည်သူ့ဆေးရုံကြီး သန်လျင်မြို့မှ အထူးကု ဆရာဝန်များ (ဆေးပညာ၊ ခွဲစိတ်၊ ကလေး၊ သားဖွား/မီးယပ်၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း) ပါဝင်သော အထူးကုကွင်းဆင်းအဖွဲ့က အထူးကုသမှု လူနာ ၆၆၀ အား ကုသပေးခြင်း၊ ဓာတ်မှန်အထူးကု ဆရာဝန်ကြီးများကလည်း တယ်လီဗေးရှင်းဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်းကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ရာ လိုအပ်သည်များကို ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငှက်ပျောတောကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံစေတီတော်အနီး ဝေန်မြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းကို မေ ၂၃ ရက်က ကျင်းပရာ ဝေန်မြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း အကောင်ရေတစ်သိန်း၊ ငါးခုံးမကြီး အကောင်ရေ နှစ်သောင်း စိုက်ထည့်သည်။

ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူက စုပေါင်းငါးလွှတ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်



**မအူပင် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး ဗီနိုင်းပိုစတာကပ်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှစတင်၍ ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမဖြစ်ပွားစေရန် အဘိတ်ဆေးခတ်ခြင်းကို ခြောက်ပတ်လျှင် တစ်ကြိမ် ရပ်ကွက်၊ ကျေးရွာများ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ရွှေကျင်**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၂၄ ရက်က ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်သန်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများထံ ပျိုးပင်များ ပေးအပ်ပြီး တက်ရောက်လာသူများက သစ်ပင်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အမြင့်နှစ်ပေနှင့် အထက်ရှိသော မန်ကျည်းရှားပင် ၁၀၀၊ ကျွန်းပင် ၈၀ နှင့် မဟော်ဂနီပင် ၂၀ စုစုပေါင်း ပျိုးပင် ၂၀၀ ကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စိုက်ပျိုးခဲ့ကြသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ယခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဝင်ကပါဘုရားဝင်းအတွင်း၌ မေ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွန်းတို့က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပျိုးပင်များ ပေးအပ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဟော်ဂနီ စသည့် အပင်လေးမျိုး၊ ပျိုးပင်ပေါင်း ၁၅၀၀ အား ဝန်ထမ်းများနှင့် ကျောင်းသူ ကျောင်းသားများ၊ ဒေသခံပြည်သူ ၄၀၅ ဦးတို့က စိုက်ပျိုးကြသည်။

**မြို့နယ်(သစ်တော)**



**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မေ ၂၃ ရက် နံနက်က ညောင်ဝိုင်းကျေးရွာရှိ မအူပင်စက်မှုဇုန်ဝင်းအတွင်း ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများ၊ ဒေသခံများစုပေါင်း၍ ကျွန်းပင် ၅၀၊ မန်ကျည်းရှားပင် ၂၀၀၊ ယမနေပင် ၁၂၀၊ စိန်ပန်းပင် ၃၀၊ ခရေပင် ၅၀၊ ရေတမာပင် ၃၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတကာကရာတေးအဖွဲ့ချုပ်မှ ကြီးမှူးသည့် IKO Kids and Youths Tournament ၂၀၂၅ ကရာတေးပြိုင်ပွဲ ကျင်းပ




**ရန်ကုန်  မေ ၂၅**

IKO မြန်မာ (International Karate Organization Myanmar) နိုင်ငံတကာကရာတေးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် IKO Kids and Youths Tournament ၂၀၂၅ ကရာတေးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

"IKO မြန်မာ(International Karate Organization Myanmar) မှ ကြီးမှူးကျင်းပသည့် IKO Kids and Youths Tournament ပြိုင်ပွဲကတော့ ၁၉၉၀ ပြည့်နှစ်မှ စတင်ပြီးတော့ ကျင်းပလာခဲ့တာပါ။ အခုဆိုရင် ၄၁ နှစ် သက်တမ်းရှိပါပြီ။ ဒီလိုမျိုး ကရာတေးပြိုင်ပွဲတွေလုပ်ခြင်းအားဖြင့် ကလေးတွေကို ခိုင်မာတဲ့ စိတ်ဓာတ်ရရှိစေမှာ ဖြစ်ပါတယ်။ ကလေးတွေကို သင်ပေးတဲ့နေရာမှာလည်း ဘယ်လောက်ပဲ ခက်ခဲခက်ခဲ အရှုံးမပေးတဲ့ စိတ်ဓာတ်ရရှိစေပါတယ်။ နောက်တစ်ချက် သင်ပေးတာကတော့ စည်းကမ်းပိုင်းပါ။ စည်းကမ်းဆိုတဲ့နေရာမှာ ကိုယ်စိတ်နှလုံး ကောင်းမွန်ဖို့ပါ။ နောက် စိတ်ရောကိုယ်ရောနှစ်ပြီး လုပ်တာပါ။ နောက် တစ်ဦးနဲ့ တစ်ဦး လေးစားမှုရှိဖို့ပါ။ ပတ်ဝန်းကျင်ကို လေးစားဖို့၊ ဥပဒေတွေကိုလေးစားလိုက်နာမယ်။ Focus ရှိဖို့၊ တာဝန်ယူမှု တာဝန်ခံမှုရှိဖို့ လိုပါတယ်။ နောက်ဆုံးကတော့ အရှုံးမပေးတဲ့ ဇွဲရရှိစေမှာဖြစ်ပါတယ်" ဟု International Karate Organization Myanmar (IKO) ၏ မြန်မာနိုင်ငံ တာဝန်ခံ ဦးမင်းလွင်က ပြောသည်။ ယင်း IKO Kids and Youths Tournament ပြိုင်ပွဲတွင် အသက် ၁၈ နှစ်အောက်၊ အသက် ၁၈ နှစ်အထက် ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား International Karate Organization Myanmar (IKO) တာဝန်ရှိသူများက ဆုတံဆိပ်များ ချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲတွင် အတန်း ၁၆ တန်း ပါဝင်ကာ ပြိုင်ပွဲဝင်ဦးရေ ၁၆၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## ဘုတ်ပြင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံပေးလျက်ရှိ



**ဘုတ်ပြင်း  မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် မေ ၂၃ ရက် နံနက်က အထက-ဘုတ်ပြင်းနှင့် အမက-ရွှေဘုံသာကျောင်းတို့တွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပညာရေးဌာနမှ အခမဲ့ပေးအပ်သည့် ခဲတံ၊ ဘောပင်၊ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးသူအတွက် အကျိုးခံစားခွင့်ပေးအပ်



**မော်လမြိုင်ကျွန်း  မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံးခွဲ၌ အကျိုးဝင်မှတ်ပုံတင်ထားသော လူမှုဖူလုံရေးအကျိုးခံစားခွင့်ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်လူမှုဖူလုံရေးရုံးခွဲ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ရွှေပြည့်စုံဆန်စက်မှ အာမခံအလုပ်သမား ဦးကျော်အေး၏ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခြင်းကြောင့် လူမှုဖူလုံရေးအဖွဲ့မှ နာရေးစရိတ်အတွက် ငွေကျပ် ၇၂၀၀၀၀ နှင့် ယာယီမသန်စွမ်းမှုအတွက် ငွေကျပ် ၄၀၃၂၀ ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ပေးအပ်ခဲ့ပြီး ယခုအခမ်းအနားတွင် ကျန်ရစ်သူ အကျိုးခံစားခွင့်ခွင့်ပြုငွေကျပ် ၈၆၄၀၀၀၀ ကို တိုင်းတာဝန်ခံအရာရှိက သေဆုံးသူ၏ ဇနီးဖြစ်သူထံ ပေးအပ်ခဲ့ကာ နာရေးစရိတ်၊ ယာယီမသန်စွမ်းမှုနှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ခဲ့သည့် စုစုပေါင်း ငွေကျပ်မှာ ၉၄၀၀၃၂၀ ဖြစ်ကြောင်း သိရ သည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ



**ရန်ကုန်  မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ယမန်နေ့ နံနက်က ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပြဋ္ဌာန်း စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ပင်လောင်းမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေများဖြင့် ကွန်ကရစ်လမ်းခင်း

**ပင်လောင်း  မေ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် အရှည်ပေ ၅၀၀ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

ကဒွတ်ကုန်းကျေးရွာရှိ အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာသည့် အတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ၂၅ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၁ ဒသမ၂၅ သန်းကို အသုံးပြု တည်ဆောက်ခြင်းဖြစ်သည်။ **မောင်နိုင်**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၀၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု ကြည့်ရှုအားပေး



**တာချီလိတ် မေ ၂၅**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံခြင်းဆောင်ရွက်နေမှုကို မေ ၂၂ ရက် နံနက်ပိုင်းက ကြည့်ရှုအားပေးသည်။

ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်း၊ ခရိုင်/မြို့နယ် ဒုတိယ ပညာရေးမှူးတို့နှင့်အတူ အထက (ဆန်ဆိုင်း)နှင့် အထက (တာချီလိတ်)တို့၌ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အတန်းများအလိုက် ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးသည်။

တာချီလိတ်မြို့နယ်ရှိ အခြေခံပညာကျောင်း ၁၃၀ တွင် မေ ၂၂ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများအား နိုင်ငံတော်မှ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဇွန် ၂ ရက်မှစတင်ကာ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် မေ ၂၅**

ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၂ ရက်က ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းသားသမီး ၁၃ ဦးတို့အား ကျောင်းသုံးစာရေးကိရိယာနှင့် ငွေသားများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ အထွက်တိုးအောင်နိုင်တိုးမျိုးစပါးများ ပေးအပ်

**အုတ်တွင်း မေ ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုအဖွဲ့နှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးကြမည့် သမဝါယမအသင်းသားတောင်သူများအား အထွက်တိုးအောင်နိုင်တိုးမျိုးစပါးများပေးအပ်ခြင်းကို မေ ၂၂ ရက်က မြို့နယ်သမဝါယမအသင်း စုရုံး၌ ပြုလုပ်သည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးကြည်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက အောင်နိုင်တိုးစပါးနှင့်ပတ်သက်၍ နည်းပညာများ၊ အထွက်တိုးရေးနှင့်ဆက်နွှယ်သည့် မျိုးမြေရေနည်း စသည့်နည်းပညာများ ရှင်းလင်းဟောပြောသည်။

အဆိုပါ အထွက်တိုးအောင်နိုင်တိုးမျိုးစပါးပေးအပ်ခြင်းကို အုတ်တွင်းမြို့နယ်အတွင်းရှိသမဝါယမအသင်းငါးသင်းမှ အသင်းသား တောင်သူ ၂၅၄ ဦးတို့အား တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**




## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအသိပညာပေးကျင်းပ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ဗဟန်း) တို့ ပူးပေါင်း၍ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို မေ ၂၂ ရက်က လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇေယျာဝင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့က ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးဆိုင်ရာနည်းလမ်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် မြေထုနှင့်ရေထုအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ပြည်သူများသိရှိစေရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဇလွန် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၂ ရက်က အဗျင်းလယ်ဦးစံပြကျေးရွာ လယ်ဦးကျောင်းတိုက်ဝင်းအတွင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁)ဗိုလ်မှူး ထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ မန်ဂျန်ရှားပင် ၁၅၀၊ ယူကလစ်ပင် ၁၅၀၊ မဟော်ဂနီပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀၊ ပိတောက်ပင် ၄၀၊ ရေတမာပင် ၁၀၊ ကံ့ကော်ပင် ၁၀ စုစုပေါင်းပျိုးပင် ၅၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်



**ပုသိမ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ သဘာဝဘေးအန္တရာယ်ကြောင့် အစုလိုက်ထိခိုက် ဒဏ်ရာများရရှိလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂၂ ရက်က ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်သည်။

ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ ဆေးရုံအုပ်ကြီး၊ သူနာပြုဆရာ ဆရာမများ၊ မီးသတ် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်ကြောင့် အစုလိုက် ထိခိုက်ဒဏ်ရာများ ရရှိလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းလမ်းကို သရုပ်ပြလေ့ကျင့် ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး

**သထုံ မေ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး လုပ်ငန်းများကို မေ ၂၂ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း လာရောက်ကျောင်းအပ်နှံကြသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက KG တန်းမှ Grade 12 အထိ စနစ်တကျ ကျောင်းအပ်လက်ခံပေးနေမှုနှင့် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတို့ ထောက်ပံ့ပေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ပန်းတနော် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ်တွင် ကျေးရွာအုပ်စု ၅၃ အုပ်စုရှိ မိုးစပါးစိုက်ဧက ၃၂၄၉၄ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၄၈၇၄၁ ဒသမ ၀၀ သိန်း ထုတ်ချေးပေးရန်အတွက် လျာထားဆောင်ရွက်လျက်ရှိပြီး မေ ၁၉ ရက်တွင် ပေပင်တောင်ကျေးရွာအုပ်စုမှ မိုးစပါးစိုက် တောင်သူ ၇၀ ၏ စိုက်ဧက ၃၉၃ ဧကအတွက် ချေးငွေကျပ် ၅၈၉ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တရုတ်- အာဆီယံ ၁၀ နိုင်ငံ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး



**နန်းနင်း မေ ၂၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးဆန်းဦး (မင်းလပြည့်- ဟားခါး) တို့သည် မေ ၂၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ကွမ်းရှီးမင်ဇူးတက္ကသိုလ်တွင် စတင်ကျင်းပသည့် တရုတ်-အာဆီယံ ၁၀ နိုင်ငံ လူငယ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တရုတ်နိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ အပါအဝင်မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအိုနိုင်ငံမှ စာရေးဆရာအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် စာရေးဆရာများ တက်ရောက်ပြီး မိမိတို့နိုင်ငံ လူငယ်စာပေဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို အလှည့်ကျဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရကိုယ်တိုင် ဦးဆောင်၍ လူငယ်စာပေပွဲတော်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ၊ လူငယ်စာပေအကျိုးပြုလူငယ်စာပေများကို အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်လျက်ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ငယ်စဉ်ကလေးဘဝမှစ၍ မိမိတို့နိုင်ငံကို ချစ်မြတ်နိုးစိတ်မြင့်မားလာစေရေးတို့အတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် စာရေးဆရာများ၏ အခန်းကဏ္ဍလွန်စွာ အရေးကြီးကြောင်းကို ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် ၄၆ ဦး တက်ရောက်ကြကြောင်းနှင့် အစည်းအဝေးကို ရသစာပေမျှဝေခံစားရေး၊ အခြားလေ့လာရေး ခရီးစဉ်များနှင့် တွဲဖက်ကာ မေ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တက်နေဝင်း စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း နွေစပါးရိတ်သိမ်း



**အင်္ဂပူ မေ ၂၅**

အင်္ဂပူမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ မေ ၂၃ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တက်နေဝင်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်း သားတောင်သူ ဦးတင်ဝင်း၏ လယ်မြေ ၁၀ ဧကတွင် နွေစပါး ရက် ၉၀ အမျိုးအစား ရိတ်သိမ်းခြင်း ပြုလုပ်သည်။

အဆိုပါ နွေစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်နှင့် ဝန်ထမ်းများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နွေစပါး အစိုတင်း ၁၃၀ ထွက်ရှိခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ(အကြို)စုပေါင်းသစ်ပင်စိုက်ပျိုး

**သာစည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီတို့ ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် မိုးရာသီ(အကြို) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၄ ရက်က ကူပြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးတို့ထံ သို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက ပြည်ညောင်အထက ကျောင်းအုပ်ကြီး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ထံသို့လည်းကောင်း ပေးအပ်သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က မိုးရာသီ(အကြို) သစ်ပင်များ စိုက်ပျိုးပေးသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်ပင် ၁၀၀၊ တမာပင် ၂၀၀၊ မယ်ဇလီပင် ၁၀၀ နှင့် စိန်ပန်းပင် ၁၀၀ စုစုပေါင်း သစ်ပင်မျိုးစုံအပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပလတ်စတစ်အမှိုက်ကင်းစင်ရေး လှုပ်ရှားမှုဆောင်ရွက်

**မိတ္ထီလာ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ မိတ္ထီလာမြောက်ကန် ပတ်ဝန်းကျင်တွင် ပလတ်စတစ် အမှိုက်ကင်းစင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး လှုပ်ရှားမှုအဖြစ် စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့နံနက်က ဆောင်ရွက်သည်။

မိတ္ထီလာမြောက်ကန် မြောက်ဘက်ထိပ် မေတ္တာရေကြည် အခမဲ့ဆေးခန်းအနီးမှ မိတ္ထီလာမြောက်ကန်တောင်ဘက်ထိပ် ဇော်ဆေးရုံအနီးအထိ မိတ္ထီလာမြောက်ကန် ပတ်ဝန်းကျင်ရှိ ပလတ်စတစ် အမှိုက်များ၊ စွန့်ပစ်အမှိုက်များ ကောက်ယူ သိမ်းဆည်းခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးများ ပြုလုပ်ခြင်းတို့ကို ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဒေါ်အေးအေးစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးထက်ဇော်နှင့် အဆိုပါဌာနများမှ ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာ ဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်း ပြသ၍ ဆေးကုသမှုခံယူခြင်း။

တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

( ၂၅-၅-၂၀၂၅)

## ညောင်ရွှေမြို့နယ် ရေပယ်ကျေးရွာ၌ အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်

**ညောင်ရွှေ မေ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရေပယ်ကျေးရွာနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား မေ ၂၃ ရက်က ရေပယ် (အောက်) ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ တွေ့ဆုံသည်။



ညွှန်ကြားရေးမှူးချုပ်က သစ်တော၊ သစ်ပင်များ၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးပြုပုံများ၊ သစ်တောပြုစုထိန်းသိမ်းခြင်းနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရခြင်း အကြောင်းရင်းများ၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း နည်းစနစ်များ၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း၊ သစ်တောဦးစီးဌာန ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမောင်အေးက ရေဝေရေလဲဒေသများအကြောင်း၊ ရေဝေရေလဲဒေသ အုပ်ချုပ်ရေးနှင့် အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များ အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား အသိညာပေး စာရွက်စာတမ်းများ ဖြန့်ဝေပေးအပ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-2)

### Section (A) Listening

**I. Find the words that are similar in meaning to the following definitions. (5 marks)**

1. travelling around an area without any definite aim — 1. ..............
2. go to live in a new place and stay there for a long time — 2. ..............
3. with no one in/on it — 3. ..............
4. with a lot of small waves — 4. ..............
5. easily broken or destroyed — 5. ..............
6. a member of a group of people who move from one place to another instead of living in one place all of the time — 6. ..............
7. a person's movable possessions — 7. ..............

### Section (B) Reading

**II. Fill in the blanks with the given words. (5 marks)**

| | | | |
|---|---|---|---|
| lit up | set off | unique | fascinating |
| fireworks | paper lanterns | | spectacle |
| exhilarating | burst into | | look out |

1. The plot twist in this movie is really ..............
2. It was a strange .............. to see the two former enemies shaking hands.
3. The sky was filled with brilliant .............., lighting up the night with bright colors.
4. During Thadingyut Festival, the houses are decorated with colourful ..............
5. ..............! The bus is coming this way.
6. They .............. on their trip early to avoid the traffic jam.
7. Going hiking in Kyaik Htee Yoe was ............... It was exciting and fun.
8. The nigh sky .............. with colorful lights during the fireworks display.
9. As the fireworks exploded in the night sky, it .............. a spectacular display of lights.
10. Each organism's DNA is ..............

### Section (C) Writing

**III. Fill each blank with an appropriate word. The initial letters are given to help you. (5 marks)**

1. In o.............., people used candles or oil-lamps at night.
2. One could easily k.............. a lamp and start a fire.
3. Today we have a w.............. thing called electricity.
4. It l.............. electric bulbs so we can see in the dark.
5. An electric light is much b.............. and safer than a candle.
6. Electricity is u.............. in the home.
7. It can be used to work electric s.............. for cooking.

**Answer Keys**

I. 1. roaming 2. settle 3. deserted 4. choppy 5. fragile 6. nomad 7. belongings

II. 1. fascinating 2. spectacle 3. fireworks 4. paper lanterns 5. Look out 6. set off 7. exhilarating 8. lit up 9. burst into 10. unique

III. 1. olden days 2. knock over 3. wonderful 4. lights up 5. brighter 6. useful 7. stoves

## Grade-10 (Unit-2)

**I. Choose the appropriate words or phrases to complete the sentences. (10 marks)**

1. The English word "literature" comes from the Latin word "litteratura," which means ..............
   (A) reading (B) writing (C) drawing
2. Not every piece of .............. is considered literature.
   (A) speech (B) advice (C) writing
3. A "Recipe for Coconut Rice" is an example of something that is not considered ..............
   (A) food (B) literature (C) language
4. For a piece of writing to be recognized as literature, it must have a .............. effect on the reader.
   (A) temporary (B) dull (C) lasting
5. A writer of literature is compared to a ..............
   (A) teacher (B) sculptor (C) painter
6. A painter chooses colours, while a writer chooses ..............
   (A) scenes (B) titles (C) words
7. Literature as a field of study includes Prose, Poetry, and ..............
   (A) Novel (B) Essay (C) Drama
8. Prose is defined as .............., straightforward writing.
   (A) poetic (B) restricted (C) free
9. Letters, essays, and novels are all types of ..............
   (A) poetry (B) prose (C) drama
10. Wuthering Heights and Pride and Prejudice are well-known ..............
    (A) plays (B) articles (C) novels

**Answer Keys**

I. 1. (B) writing 2. (C) writing 3. (B) literature 4. (C) lasting 5. (C) painter 6. (C) words 7. (C) Drama 8. (C) free 9. (B) prose 10. (C) novels

## Grade-11 (Unit-2)

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. O.............. to the rapid advancement of technology, the buying and selling process has changed.
2. The electronic mode of shopping means o.............. shopping.
3. Online shopping provides a q.............. and e.............. way for transactions.
4. Buyers can shop without leaving their h.............. or o..............
5. Shopping is always available as the mall is open 24/7 t.............. the year.
6. They can search for products using k.............. in a search engine.
7. Customers can c.............. the transaction if they change their minds.
8. E-retailers offer attractive d.............. to customers.
9. Online shopping helps reduce money spent on m.............. shops.
10. Customers can get d.............. information about a product.
11. Shoppers can compare various m.............., b.............., and prices.
12. Store c.............. are often available online.

**Answer Keys**

I. 1. Owing 2. online 3. quick, easy 4. home, office 5. throughout 6. keywords 7. cancel 8. discounts 9. maintaining 10. detailed 11. models, brands 12. comparisons

## Grade-12 (Unit-2)

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. H .............. is a difficult concept to measure.
2. According to the Merriam-Webster Dictionary, happiness means a state of well-being and c..............
3. Happiness is not a c.............. concept.
4. Psychologically, happiness comes when you are in a p.............. of mind.
5. Happiness means a better q.............. of life.
6. Having a g.............. relationship with family and friends makes people happy.
7. People with large families and close friends are h.............. than those who live alone.
8. Job satisfaction and c.............. are important factors for happiness.
9. When you accomplish tasks, you tend to feel h..............
10. Acts of k.............. can make the world a happier place.
11. Helping others gives a w.............. feeling.
12. Envy is a barrier to h..............

**Answer Keys**

I. 1. Happiness 2. contentment 3. constant 4. peaceful state 5. quality 6. good 7. happier 8. career success 9. happy 10. kindness 11. warm 12. happiness

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

ဘောလုံးအသင်းတစ်သင်းအောင်မြင်ပြီး ဆုဖလားတွေ ဆွတ်ခူးနိုင်ဖို့ဆိုရင် ကစားသမားတစ်ဦးချင်းစီမှာ ဘောလုံးနဲ့ ပတ်သက်တဲ့ ကျွမ်းကျင်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုနဲ့ နည်းဗျူဟာပိုင်းဆိုင်ရာ နားလည်မှုတွေ ကောင်းမွန်ဖို့ လိုအပ်တယ်။ ဒါ့အပြင် ပြိုင်ဘက်ကို အနိုင်ရလိုတဲ့ စိတ်ဓာတ်၊ အသင်းအတွက် အစွမ်းကုန်ပေးဆပ်လိုတဲ့ စိတ်ဓာတ်၊ ဖိအားတွေကို ခံနိုင်ရည်ရှိတဲ့ စိတ်ဓာတ်တွေရှိဖို့လည်း လိုအပ်သေးတယ်။

# သစ္စာတရားထွန်းကားရာ မြူးနစ်အလွန်မှ သောမက်စ်မူလာ ရဲ့ လားရာ







■ မိုးဇက် – ရေးသားသည်

ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ ထူးထူးခြားခြား အဲဒီလိုအချက်အလက်တွေနဲ့ ပြည့်စုံတဲ့ ကစားသမား တစ်ဦးရှိပါတယ်။ သူကတော့ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှာ မွေးဖွားခဲ့တဲ့ သောမက်စ်မူလာ ဖြစ်ပါတယ်။ ကွင်းလယ်တိုက်စစ်ကို လိုက်ပါကစားတဲ့နေရာမှာ အားသာတဲ့ မူလာဟာ မြန်နှုန်းမြင့် စွမ်းဆောင်ရည်၊ နေရာယူ မှန်ကန်မှု၊ ဂိုးဧရိယာအတွင်း အဆုံးသတ်ပိုင်းသေချာမှု၊ အနိုင်ရလိုစိတ် ပြင်းထန်မှု၊ အသင်းအတွက် ပေးဆပ်လိုစိတ်ရှိမှု စတာတွေကြောင့် ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်ပါတယ်။

## ဘိုင်ယန်မြူးနစ်အသင်းအတွက်သာ ပေးဆပ်ခဲ့

မူလာဟာ ဘိုင်ယန်မြူးနစ် လူငယ်အကယ်ဒမီမှ ပေါ်ထွက်လာသူ ဖြစ်ပြီး ၎င်းရဲ့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်ခုလုံးကို ဘိုင်ယန်မြူးနစ်အသင်းအတွက်သာ ပေးဆပ်ခဲ့သူ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ပထမအသင်းအတွက် ပွဲထွက်ပါဝင်ကစားခွင့်ရပြီး မကြာမီမှာပဲ အသင်းရဲ့ အဓိကကစားသမားတစ်ဦး ဖြစ်လာခဲ့ပါတယ်။ နည်းပြ လူးဝစ်ဗန်ဟားလ်လက်ထက်မှာ မူလာရဲ့ ကစားဟန် ထင်ရှားလာခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကို ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအထိ ရောက်အောင် ကူညီပေးထားနိုင်ခဲ့တယ်။ မူလာမှာ ထူးခြားတဲ့ ကစားဟန်ရှိပြီး ကွင်းအတွင်းရှိ နေရာလွတ်တွေကို အမြဲတမ်းစောင့်ကြည့်နိုင်စွမ်း၊ ပြိုင်ဘက်ခံစစ်ကစားသမားတွေရဲ့ အားနည်းချက်ကို အမြဲတမ်း ပိုင်းဖြတ်နိုင်စွမ်းနဲ့ ဘောလုံးရောက်လာမယ့်နေရာကို ကြိုတင်တွက်ဆကာ နေရာယူတတ်နိုင်စွမ်း စတဲ့အချက်တွေကြောင့်လည်း လူသိများ ထင်ရှားတဲ့သူ ဖြစ်ပါတယ်။

## ကံကောင်းခြင်းကလည်း အရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်

မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ အောင်မြင်မှု အသီးသီး ဆုဖလားအလီလီ ဆွတ်ခူးထားနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ကစားသမားတစ်ဦးက အသင်းအတွက် စံချိန်တင် သွင်းဂိုးတွေ သွင်းယူထားနိုင်သော်ငြား၊ ရာသီပိတ်သိမ်းချိန်မှာ သွင်းဂိုးအများဆုံး ကစားသမားဆုကို အကြိမ်ကြိမ်ဆွတ်ခူးထားနိုင်သော်ငြား ဖလားဆွတ်ခူးပြီး ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက်ဆိုရင် ကံကောင်းခြင်းကလည်း အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်တတ်ပါတယ်။ ဥပမာ အနီးစပ်ဆုံး အင်္ဂလန်နာမည်ကြီး တိုက်စစ်မှူး ဟာရီကိန်းဆိုရင် ကစားသမားဘဝမှာ သွင်းဂိုး အလီလီ၊ ဂိုးသွင်းအများဆုံးဆု အကြိမ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပေမယ့် ဖလားဆွတ်ခူးရရှိရေးမှာ အမြဲတမ်းလိုလို ကံခေနေတတ်ပါတယ်။ အဲဒီလိုကံခေမှုကို ၂၀၂၄-၂၀၂၅ ရာသီမှသာ ဘိုင်ယန်မြူးနစ်နဲ့အတူ ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလားဆွတ်ခူးပြီး အဆုံးသတ်နိုင်ခဲ့တာ ဖြစ်တယ်။

> **မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းကို သစ္စာမြဲလွန်းပြီး တခြား ဘယ်နာမည်ကြီးအသင်းကိုမှ မပြောင်းရွှေ့ခဲ့တာကြောင့် မြူးနစ်ဟာ မူလာအတွက် သစ္စာတရားထွန်းကားရာ နယ်မြေလို့ ဆိုကြတယ်။ အရင်ခေတ်တွေတုန်းက ရှိုင်ယန်ဂစ်၊ ပေါ်စခိုးလ်၊ တော့တီ၊ အင်နီယေစတာ၊ ဇာဗီ၊ မာလ်ဒီနီ၊ ပူယိုးလ်၊ တိုနီအဒမ်စ်ရှိပေမယ့် ဒီဘက်ခေတ်မှာတော့ အသင်းတစ်သင်းတည်းမှာ စွဲစွဲမြဲမြဲ ပေးဆပ်ကစားထားနိုင်တဲ့ ကစားသမား မရှိသလောက်ရှားပါးလာ**

## ဆုဖလားများစွာ ဆွတ်ခူး

မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်စ်လီဂါဖလားကို (၁၃) ကြိမ်၊ ဂျာမန်ပိုကယ်ဖလားကို ခြောက်ကြိမ်၊ ဂျာမန်စူပါဖလားကို ရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလားကို နှစ်ကြိမ်နဲ့ ကလပ်ကမ္ဘာ့ဖလားကို နှစ်ကြိမ် ဆွတ်ခူးရရှိထားပါတယ်။ ၎င်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ၂၀၀၈-၂၀၀၉ ရာသီကလွဲပြီး ၂၀၀၉-၂၀၁၀ ရာသီကနေ ၂၀၂၄-၂၀၂၅ ရာသီအထိ ပွဲစဉ်တိုင်းနီးပါး ပါဝင်ကစားခွင့်ရရှိပြီး ခြေစွမ်းပြ ကစားထားနိုင်တဲ့သူ ဖြစ်ပါတယ်။

## ပွဲပေါင်း ၇၅၀ ကျော်ပါဝင်ကစား

ပြောမယ်ဆိုရင် မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ၁၇ ရာသီအထိ ကာလရှည်ကစားထားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အဲ့ဒီကာလအတွင်း ပြိုင်ပွဲအရပ်ရပ် ပွဲပေါင်း ၇၅၀ ကျော်မှာ သွင်းဂိုးပေါင်း ၂၄၀ ကျော်နဲ့ ဂိုးဖန်တီးမှုပေါင်း အကြိမ်ရေ ၂၇၀ ကျော် ပြုလုပ်ထားနိုင်တယ်။ တစ်နည်းအားဖြင့် ပြောရရင် ဂန္ထဝင်ကစားသမား မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းကို သစ္စာမြဲလွန်းပြီး တခြားဘယ်နာမည်ကြီး အသင်းကိုမှ မပြောင်းရွှေ့ခဲ့တာကြောင့် မြူးနစ်ဟာ မူလာအတွက် သစ္စာတရားထွန်းကားရာနယ်မြေလို့ ဆိုကြတယ်။ အရင်ခေတ်တွေတုန်းက ရှိုင်ယန်ဂစ်၊ ပေါ်စခိုးလ်၊ တော့တီ၊ အင်နီယေ စတာ၊ ဇာဗီ၊ မာလ်ဒီနီ၊ ပူယိုးလ်၊ တိုနီအဒမ်စ်ရှိပေမယ့် ဒီဘက်ခေတ်မှာ တော့ အသင်းတစ်သင်းတည်းမှာ စွဲစွဲမြဲမြဲ ပေးဆပ်ကစားထားနိုင်တဲ့ ကစားသမား မရှိသလောက် ရှားပါးလာတယ်။

## လမ်းခွဲခြင်းက ဇာတ်လမ်းတစ်ပုဒ်ရဲ့ နိဂုံးဖြစ်လာ

